# ချင်းပြည်နယ် အလှမယ် သရဖူကို ကလေးမြို့သူ မေသွယ်မိုး ဆွတ်ခူး




၈ မေ ၂၀၁၇

ချင်းပြည်နယ်အလှယ်မယ်ရွေးချယ်ပွဲ (Miss Golden Land Chin State 2017) အပြီးသတ် Final ပွဲကို မေလ၇ ရက်နေ့ ကည (၈) နာရီတွင်ကလေးမြို့၊ မြို့တော်ခန်းမ၌ကျင်းပပြုလုပ်ပြီး ခါးနံပါတ် (၈) အလှမယ် မမေသွယ်မိုးကချင်းပြည်နယ် ကိုယ်စားပြုအလှမယ်သရဖူဆုကိုဆွတ်ခူး ရရှိခဲ့သည်။ Miss Golden Land Myanmar မှဦးဆောင်ကျင်းပသော အဆိုပါ Final ပွဲတွင်ဆန်ခါတင်အလှယ်မယ်၁၆ယောက် ယှဉ်ပြိုင်ခဲ့ကြပြီး အမှတ်ပေးဒိုင်များမှ ဆန်ခါတင်အဆင့်ဆင့်ရွေးချယ်ပြီး Miss Golden Land Chin State 2017 သရဖူကို ကလေးမြို့သူအလှမယ် မမေသွယ်မိုးကဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ "အရမ်းကြီးမမှန်းထားဘူးရတော့ရချင် တယ်၊အခုရတော့လေမျက်ရည်လည်ကျ မိတယ်အရမ်းလည်းပျော်မိတယ်၊အတိုင်း မသိဝမ်းသာမိတယ်၊နောက်ထပ်ရန်ကုန် မှာသွားပြိုင်မယ့်ပြိုင်ပွဲမှာလည်းချင်းပြည် နယ်ဂုဏ်ဆောင် Miss တစ်ယောက်အနေ နဲ့ အကောင်းဆုံးကြိုးစားသွားမှာပါရှင့်" ဟု မမေသွယ်မိုးကပြောသည်။ 1st runner up အဖြစ် ခါးနံပါတ် (၁၄) မခိုင်ဖူးငုံ၊ 2nd runner up အဖြစ် ခါးနံပါတ်(၂) မဟာန်နီစိုး၊ 3rd runer up အဖြစ် မဇာဇာနိုင် နှင့် 4th runner up ကို မအိမ်ဆဲလ်လဲတို့မှ အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။ Miss Popular ဆုကို ခါးနံပါတ် (၁) မကျိန်ရှန်းဟုန် နှင့်– People Choice ဆုကို ခါးနံဘတ်(၁၂) ရွှန်းရတနာတီးတို့မှရရှိခဲ့ကြသည်။

Miss Golden Land Chin state 2017 အဖြစ် ရွေးချယ်ခံရသည့်မမေသွယ်မိုးသည် ယခုနှစ် အတွင်း ရန်ကုန်မြို့တွင် ကျင်းပမည့် Miss Golden Land Myanmar ရွေးချယ်ပွဲတွင် သွားရောက်ယှဉ်ပြိုင် ရမည်ဖြစ်ပြီး ထပ်မံ ရွေးချယ်ခံရပါကနိုင်ငံခြားသို့သွားရောက် ယှဉ်ပြိုင်ခွင့်ရရှိမှာဖြစ်သည်အဆိုပါ Final ပွဲတွင် Miss Golden Land Chin State2017 အပြင် Miss Face of Chin State 2017 ကို လည်းရွေးချယ်ခဲ့ကြရာသရဖူဆုကို ခါးနံပါတလ်(၅)မသူသူဟန်မှ ဆွတ်ခူးခဲ့သည်။ မသူသူဟန်သည် ယခုနှစ်အတွင်း ရန်ကုန်မြို့တွင်ကျင်းပမည့် FaceofBeauty Myanmar အလှယ်မယ်ရွေးချယ်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ချင်းပြည်နယ်မင်းတပ်မြို့မှလာရောက် ယှဉ်ပြိုင်ပြီးဆန်ခါတင်(၁၀) ယောက်အဆင့် ထိရွေးချယ်ခံရသော မအေးစန္ဒာအောင် က သူတို့နဲ့ထိုက်တန်လို့သူတို့ရသွားတာ ပါရှင့်၊ ဒိုင်တွေကလည်းရွေးတာစည်းစနစ် ကျပါတယ်၊ Top Ten နဲ့ ကျေနပ်ရပေမယ့် အားမငယ်ပါဘူးနောက်ထပ်ပြိုင်ခွင့်တွေ ရှိရင် ဆက်ပြိုင်ဦး မှာပါ" ဟု ပြောသည်။ အမှတ်ပေးရွေးချယ်သည့်နည်းစနစ်နှင့် ပတ်သက်၍ Final ပွဲတွင် ဒိုင်အဖြစ်ဆောင် ရွက်ခဲ့သည့်ကိုဖြိုးမင်းသုတ (အလှမယ် များအား သီးသန့်သင်ကြားပေးသည့် ပညာရှင် Trainer ယခုလိုရှင်းပြသည်။ အဓိက ကျနော်တို့ Training Camp တောက်လျှောက် မှာလည်းဆုံးဖြတ်တယ်၊ Training ၅ ရက် လုပ်တယ် အဲဒီမှာ ကျနော်ကိုယ်တိုင် Trainer ပေါ့နော်၊ Organizer အကုန်လုံး ကလည်းစောင့်ကြည့်တယ်၊ချင်းပြည်နယ် အတွက် အကောင်းဆုံး ဂုဏ်ဆောင်ပေး နိုင်တာ ဘယ်သူဖြစ်မလဲပေါ့၊ အဓိက Body, Beauty,Brain ပေါ့ ကျနော်တို့ရဲ့ ဆောင်ပုဒ် ဒီသုံးချက်ကို အဓိကထား ရွေးချယ်တယ်၊စင်ပေါ်တက်ပြီး ဖိနပ်စီးပြီး တော့လှလှပပကျော့ကျော့ရှင်းရှင်းနေရုံနဲ့ ဆုရမှာမဟုတ်ပါဘူး Training မှာ ဖြတ်သန်းရတဲ့ Presentation တွေလုပ် ရတယ် တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ရတယ်၊ဆိုရှယ်မီဒီယာ အသုံး ရတယ်၊ Presentationဆိုလိုရှိရင်လည်းတ စ်နာရီစာမေးပွဲစစ်ရတယ်၊အဲဒီမှာရသွား တဲ့အမှတ်တွေရှိ မယ်၊ ကိုယ့်ရဲပြည်နယ် ကိုယ်စားပြုဖို့အတွက် သူတို့ရဲ့ ပြည်နယ် နဲ့ပတ်သက်ပြီးတော့ ဗဟုသုတတွေဘယ် လောက်ရှိလဲဘယ်လောက်ထိ လေ့လာ ထားတယ် သူ့အနေနဲ့ဘယ် လောက်ထိ အကောင်းဆုံးကြိုးစားနိုင်တယ်ဆိုတာ ကြည့်ပြီးတော့ရွေးချယ်သွားတာဒီနေ့စင်ပေါ် မှာဆုံးဖြတ်တာကလည်း၃၀ရာခိုင်နှုန်းပေါ့၊ Trainingမှာ ရွေးချယ်ခဲ့တာ ၇၀ ရာခိုင်နှုန်း အမှတ် တွေရွေးချယ်ခဲ့တယ်" ဟု ခိုနှမ်းသုန်ကိုပြောသည်။

Miss Golden Land Chin State 2 017 Final yGJwGif Miss Golden Land supranational 2015 – L Bawk Nu eSifh Miss Golden Land Globe 2016- Myat Eaindray Htet တို့လည်းတက်ရောက် လာပြီး အမှတ်ပေးဒိုင်အဖြစ် ဆောင်ရွက် ပေးခဲ့ကြသည်။ ချင်းပြည်နယ်ကိုယ်စားပြု အလှမယ်ရွေးချယ်ပွဲဟုဆိုသော်လည်း စစ်ကိုင်းတိုင်းဒေသကြီးကလေးမြို့တွင်ကျင်းပ ပြုလုပ်ရခြင်းသည်ချင်းပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အနုပညာရှင်များသွားလာရေးခက်ခဲ သည့်အတွက်ကလေးမြို့တွင် ကျင်းပရခြင်း ဖြစ်သည်ဟုပွဲစီစဉ်သူများမှပြောဆိုသည်။

## ဖျက်သိမ်းခံ ဘွာလ်ပီးကျေးရွာအတွက် ရွာသူ၊ရွာသားများမှ ဆုတောင်းပွဲပြုလုပ်

၁၁ မေ ၂၀၁၇

ချင်းပြည်နယ်အစိုးရမှဖျက်သိမ်းလိုက် သည့် ဖလမ်းမြို့နယ်ဘွာလ်ပီး ကျေးရွာမှ ရွာသူ၊ရွာသားများသည်ယနေ့နံနက်ပိုင်း (၈) နာရီမှစတင်ကာ၁၁နာရီအထိဝတ် ပြုဆုတောင်းခြင်းအစီစဉ်တစ်ရပ်ကို ပြုလုပ်ခဲ့ကြသည်။ "နေအိမ်တွေဖျက်ခံရလို့ ဒုက္ခအတိရောက်နေကြရတဲ့ ရွာသူရွာ သားတွေ ပြန်လည်အခြေချနေထိုင်ဖို့ အစိုးရအနေနဲ့ ကျေးရွာအသစ်ပြန်ဖော် ဆောင်ပေးဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဘုရားသခင်ထံစုဝေးပြီး ဆုတောင်း ကြတာဖြစ်ပါတယ်"ဟုဘွာလ်ပီးကျေးရွာ ပြန်လည်ထူထောင်ရေးကော်မတီအတွင်း ရေးမှူးဦးဟရန်းလျန်ကပ်ကပြောသည်။ ယင်းဆုတောင်းပွဲတွင်ဘွာလ်ပီးကျေးရွာ သူရွာသား ၁၅၀ ခန့်ပါဝင်ခဲ့ကြပြီး ဆုတောင်းပွဲစီစဉ်အပြီးတွင် ကျေးရွာ သန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်ဟု သိရသည်။ အိမ်ခြေ ၃၀၀ ကျော်ခန့် ရှိသောဘွာလ်ပီးကျေးရွာကိုချင်းပြည်နယ် အစိုးရက ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့က စက်ယန္တယားကြီးများဖြင့် ဖြိုချဖျက် ဆီးခဲ့ခြင်းဖြစ်ပြီးယင်းကျေးရွာတွင်နေ ထိုင်သူများကိုလည်းအကုန်မောင်းထုတ် ခဲ့သည်။ နေအိမ်များဖျက်ဆီးခံရတာ ကြောင့် နေစရာအခက်အခဲ၊စားဝတ် နေရေးအခက်အခဲရင်ဆိုင်နေကပြီး ပြည်နယ်အစိုးရ နှင့် ပြည်ထောင်စု အစိုးရထံ အကြိမ်ကြိမ်အကူအညီတောင်း ခံခဲ့ကြပေသော်လည်း လျစ်လျူရှုခံနေရ သည့်အတွက် ကလေးမြို့နှင့် မန္တလေး မြို့များတွင်သတင်းစာရှင်းလင်းပွဲ များလည်းပြုလုပ်ခဲ့ကြပြီးဖြစ်သည်။



# အများပြည်သူလမ်းပေါ် အမှိုက်စွန့်ပစ်မှုကြောင့် ရပ်ကွက်နေပြည်သူများ အခက်ကြုံနေ

၁၃ မေ ၂၀၁၇

ကလေးမြို့တာဟန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနောက်ဘက်အများပြည်သူလမ်းပေါ်တွင် အမှိုက်စွန့်ပစ်မှုများယနေ့ချိန်ထိရှိနေသေးသည့်အတွက်နီးနားပြည်သူများအခက်ကြုံနေရသည့်အပြင် ကျန်းမာရေးအတွက် စိုးရိမ်မကင်းဖြစ်နေကြသည်။ တာဟန်းရပ်ကွက်နယ်မြေ (၁၂) တွင်တည်ရှိသော ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနောက်ဘက်တည်နေရာသည် အမှိုက်စွန့်ပစ်နေရာတစ်ခုအဖြစ်သတ်မှတ်လာကြပြီးအမည်မသိစည်းကမ်းမဲ့ပြည်သူများမှတစ်နှစ်နီးပါးခန့်အမှိုက်စွန့်ပစ်လာခြင်းကြောင့်အနံ့သက်ဆိုးများထွက်ပေါ်လာပြီးအနီးနားနေပြည်သူများအတွက်အနှောက်အယှက်စေသည့်အပြင်ကျန်းမာရေးများထိခိုက်မှုများလည်းရင်ဆိုင်နေကြရသည်ဟု အနီးနားပြည်သူများထံမှသိရသည်။

ထံသို့ အကြိမ်ကြိမ်အကြောင်းကြားခဲ့ကြသော်လည်းယနေ့ချိန်ထိတစုံတရာထူးခြားမှုမရှိဘဲအမှိုက်စွန့်ပစ်နေကြဆဲဖြစ်သည်ဟု ဒေသခံများကပြောဆိုကြသည်။ယခုကိစ္စနှင့်ပတ်သက်၍အဆိုပါနေရာတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သည့်ပြည်သူများအား စောင့်ကြည့်ဖမ်းဆီးအရေး ယူဆောင်ရွက်ရန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဟန်းရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့အား တာဝန်ပေးထားသော်လည်း အချိန်ပြည့်ကြပ်မတ်ဆောင်ရွက်ရန်မှာအခက်အခဲဖြစ်နေသည့်အတွက် ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ခြင်းမရှိခြင်းဖြစ်သည်" ဟု တာဟန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇိုးဒင့်ဆန်းငါကပြောသည်။

"စည်ပင်ဘက်ကတောပြောတာတော့ အုပ်ချုပ်ရေးမှူးအဖွဲ့အနေနဲ့အမှိုက်ပစ်တဲ့သူတွေကို ဓာတ်ပုံရိုက်ပြီး သူတို့ဆီကိုပို့ပေးပြီးဥပဒေအရအရေးယူဖို့ပေါ့၊ ဒါပေမယ့်ကျနော်တို့လည်း စောင့်ကြည့်တာဘဲလေ ခက်တာက လူခြေတိတ်တဲ့ညသန်းခေါင်ယံအချိန်တွေမှာလာလာပစ်ကြတော့ဘယ်သူပစ်တယ်ဆိုတာမသိနိုင်ဘူးလေ'ဟုပြောသည်။



"ဒီနေရာမှာအမှိုက်တွေစွန့်ပစ်လာတာတစ်နှစ်လောက်ရှိပြီ၊ အနံ့သက်ဆိုးတွေအပုပ်နံ့တွေထွက်လာတော့ယင်ကောင်တွေလည်းများလာတယ်လေ၊ ဒါကြောင့် ကျနော်တို့အနီးနားမှာနေတဲ့သူတွေအတွက်အင်မတန်မှ အနှောက်အယှက်ဖြစ်စေသလိုကျန်းမာရေးပိုင်းမှာလည်းထိခိုက်မှုရှိလာတယ်ဆိုတာကျနော်တို့လက်တွေ့ရင်ဆိုင်နေရပါတယ်'ဟုအမှိုက်စွန့်ပစ်ရာနေရာအနီးနားတွင်နေထိုင်သူတစ်ဦးကပြောသည်။ ယခုကဲ့သို့အမှိုက်စွန့်ပစ်ရာမဟုတ်သည့်နေရာတွင် အမှိုက်စွန့်ပစ်နေကြသည့်ကိစ္စနှင့်ပတ်သက်၍ဖြေရှင်းပေးရန် အနီးနား ပြည်သူများမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

ထို့ကြောင့်စည်ပင်သာယာရေးအနေဖြင့် အဆိုပါဒေသတွင် အမှိုက်မပစ်ရ ၊ အမှိုက်ပစ်ပါက ဥပဒေအရအရေးယူခံရမည်ဆိုသည့်အမိန့်ဆိုင်းဘုတ်ကိုလာရောက်စိုက်ထူသင့်ကြောင်း၊ ယင်းကိစ္စကိုယခုလောလောလတ်လတ်မဖြေရှင်း နိုင်သေးပါက အနီးနားပြည်သူများအတွက်အနှောက်အယှက်မဖြစ်စေရန် အမှိုက်များကို နေ့စဉ်လာရောက်သိမ်းဆည်းပေးသင့်ကြောင်းတာဟန်းရပ်ကွက်အုပ်ချုပ်ရေးမှူးကပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ကလေးမြို့စည်ပင်သာယာရေးရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာဦးက 'အဲလိုအမှိုက်ပုံတွေမရှိဖို့အတွက် ရှိရင်လည်းချက်ချင်းပြောကျနော်တို့ကနေပြီးတော့ကားနဲ့လွှတ်ပြီးစီစဉ်ပေးမယ် ဒါပေမယ့်အဲဒီနေရာမှာအမှိုက်မပုံဖို့အတွက်ကိုရယကဥက္ကဋ္ဌ နောက်အဲဒီမှာရှိတဲ့နယ်မြေမှူးရယ်တာဝန်ယူရမှာ အားလုံးဝိုင်းလုပ်မှလေဒီတစ်မြို့လုံးရဲ့ထွက်ရှိသမျှအမှိုက်တွေကိုစည်ပင်ကတာဝန်တော့ယူတယ်။ ဒါပေမယ့်သူတို့ကလည်းဝိုင်းထိန်းပေးမှရမှာပေါ့'ဟုပြောသည်။ ရက်ကွက်ပေါင်း ၁၉ ရပ်ကွက်ရှိသော ကလေးမြို့ပေါ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှအမှိုက်သိမ်းယာဉ်မလုံလောက်မှုကြောင့်အလှည့်ကျစနစ်ဖြင့် ပြေးဆွဲခိုင်းလျက်ရှိသည်ဟုသိရသည်။

## Editorial ......

# ကလေးမြို့နဲ့ ဆပ်ပလိုင်းချက်

ယခုရက်ပိုင်းကလေးမြို့မှာယာဉ်ထိန်းရဲတွေက (ဆပ်ပလိုင်းချက်) လို့ခေါ်တဲ့ ဆိုင်ကယ်ဦးထုပ်မပါဘဲဆိုင်ကယ်စီးတဲ့သူတွေကိုခပ်စိတ်စိတ်ဖမ်းဆီးမှုတွေပြုလုပ်နေတာနဲ့ပတ်သက်ပြီး ဒေသခံပြည်သူတွေညည်းတွားသံတွေကြားနေရပါတယ်။

ကလေးမြို့မှာ ဆိုင်ကယ်စီးပြီးဦးထုပ်မစောင်းရင်ကျပ်ငွေ (၃သောင်း) ဒဏ်ငွေရိုက်ပြီးတရားရုံးကိုလူကိုယ်တိုင်သွားရောက်အခွန်ဆောင်ရပါတယ်။ ဒါပေမယ့် အဖမ်းခံရတဲ့လူတွေအများစုကတော့ တရားရုံးကိုလူကိုယ်တိုင်မသွားဘဲ ယာဉ်ထိန်းရဲတွေနဲ့အတူလိုက်ပါလာတဲ့ပွဲစားတွေကိုပေးခိုင်းလေ့ရှိပါတယ်။ အဲဒီအတွက်ပွဲစားတွေကို ဆိုင်ကယ်တစ်စီးအတွက် ၂၀၀၀ ကျပ်ပွဲခပေးဆောင်လေ့ရှိကြပါတယ်။

ဒဏ်ငွေပေးဆောင်ရတဲ့ ငွေကြေးပမာဏဟာအလွန်များနေတော့ အဖမ်းခံရလို့ကတော့မလွယ်ပါဘူး။ အထူးသဖြင့် သာမန်ပြည်သူ အခြေခံလူတန်းတွေအတွက် ကြီးလေးတဲ့ဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်။ ဘာလို့လဲဆိုတော့ ကျပ်ငွေ ၃ သောင်းဆိုတာ သူတို့ရဲ့တစ်ပတ်လုပ်အားခနဲ့ သွားညီမျှတယ်လို့ဆိုရပါမယ်။ မိုးထဲ၊ လေထဲ၊ နေပူမရှောင်ဘဲရှာဖွေခဲ့ကြတဲ့ တစ်ပတ်စာလောက်ဟာမိနစ်ပိုင်းအတွင်းမှာဆုံးရှုံးသွားတော့တာပါပဲ။

တကယ်တော့ ဆိုင်ကယ်ဦးထုပ်စောင်းတာဟာ ကိုယ့်လုံခြုံရေးအတွက်ဖြစ်ပါတယ်။ တကယ်လို့ ယာဉ်မတော်တဆဖြစ်မိခဲ့ရင် ခန္ဓာကိုယ်မှာအရေးကြီးဆုံးဖြစ်တဲ့ ဦးခေါင်းကိုကာကွယ်ဖို့အတွက်ဆိုင်ကယ်ဦးထုပ်ကို စောင်းကြရတာ ဖြစ်ပါတယ်။ မိမိအသက်အန္တရာယ်ကို ကာကွယ်နိုင်ဖို့ပါ။ နိုင်ငံတကာမှာလည်းဆိုင်ကယ်မောင်းတော့မယ် ဆိုရင်ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်ရှိရတယ်၊ဆိုင်ကယ်ဦးထုပ်စောင်းရပြီး စည်းကမ်းမလိုက်နာသူကတော့ အဖမ်းခံရပြီး ဒဏ်ငွေပေးဆောင်ရတာဖြစ်ပါတယ်။

ဆပ်ပလိုင်းချက်ကို တစ်နေ့မှာ (၂)ကြိမ်ပြုလုပ်လေ့ရှိကြပါတယ်။ မနက် ပိုင်း ၉ နာရီကနေ ၁၁ နာရီအထိကို ဗိုလ်ချုပ်လမ်းမတစ်လျှောက် ဘူတာလမ်းခွဲ၊နေကြာတိုက်၊တောင်ဖီလာလမ်းခွဲ စာတွေမှာပြုလုပ်ပြီး ညနေပိုင်း ၂ နာရီကနေ ၃ နာရီအထိတော့ အာ–တီစီနား ကလေးခရိုင်ရဲတပ်ဖွဲ့ရုံးရှေ့မှာပြုလုပ်လေ့ရှိပါတယ်။

တကယ်တော့ လူတွေအငိုက်မိတဲ့အချိန်မှာ ရှောင်တခင် ဖမ်းဆီး၊ ဒဏ်ငွေရိုက်တာကပြည်သူတွေ စည်းကမ်းရှိလာဖို့၊ ဆိုင်ကယ်ဦးထုပ်တွေဆောင်းလာကြဖို့ဆိုပြီး ယာဉ်ထိန်းရဲဘက်ကပြောနေရင်တော့ဒါဟာ နည်းလမ်းကောင်းမဟုတ်ပါဘူး။ ဒီပုံစံနဲ့ဆက်သွားမယ်ဆိုရင် လူထုတွေ စည်းကမ်းရှိလာဖို့ဆိုတာ မလွယ်ကူလှပါဘူး။ ယာဉ်ထိမ်းရဲတွေကဖမ်းတဲ့အပိုင်း ဒဏ်ငွေရိုက်တဲ့အပိုင်းကိုဘဲဦးစားပေးလုပ်မနေဘဲ ပြည်သူတွေယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေသိလာအောင်၊စည်းကမ်းတွေလိုက်နာလာအောင်၊ အသိပညာပေးဟောပြောပွဲတွေ ပိုပြီးလုပ်ဆောင်ဖို့လိုပါတယ်။ ဒီနေရာမှာ အရပ်ဖက်အဖွဲ့အစည်းတွေ၊ ဘာသာရေးအဖွဲ့တွေကလည်းမိမိတို့လူမှုအသိုင်းအဝန်းတွေကြားမှာအသိပညာပေးမှုတွေ ဝိုင်းဝန်းလုပ်ဆောင်ပေးဖို့လို ပါတယ်။

အရေးကြီးကိစ္စတစ်ခုကတော့ ခုလို စီးကမ်းမဲ့ယာဉ်တွေဖမ်းဆီးပြီး ဒဏ်ငွေဆောင်ခိုင်းရာကနေ ရလာတဲ့ငွေကြေးအမြောက် အများတွေဟာဘယ်ရောက်သလဲ။ နိုင်ငံတော်အစိုးရထံကိုအမှန်တကယ်အပြည့်အဝရောက်သလားဆိုတာတွေဟာ မေးခွန်းမေးစရာဖြစ်နေပါတယ်။

# လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ချင်းအမျိုးသားတစ်ယောက်ရဲ့ ဇာတ်လမ်းတစ်ကားပြသရန်ရွေးချယ်

၁၀ မေ ၂၀၁၇

မြန်မာနိုင်ငံ၏ ပထမဦးဆုံးနိုင်ငံတကာရုပ်ရှင်ပွဲတော်ဖြစ်သည့်လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာနိုင်ငတကာရုပ်ရှင်ပွဲတော်တွင် ချင်းအမျိုးသား Kam Khan Sing ရဲ့ဇာတ်လမ်း 'တိမ် (The Cloud)' လို့အမည်ရသည့်ဇာတ်ကားတစ်ကားကိုပြပသရန်ရွေးချယ်ထားကြောင်းသိရသည်။ အဆိုပါ ရုပ်ရှင်ပွဲတော်ကိုဇွန်လ ၁၄–၁၉ ရက်နေ့ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ "ဇာတ်လမ်းလေးကတော့ စိတ်ကူးယဉ်ဇာတ်လမ်းလေးပါ။ရည်းစား




ဘဝမှာ ဆန္ဒနောက်လိုက်လို့ ဖြစ်လာတဲ့ အကျိုးဆက်ကိုရိုက်ထားတာပါ။ လက်မထပ်ခင်အတူနေတာကကျမ်းစာကလည်းဆန့်ကျင်ထားတယ်လေ။ ဒါနဲ့ချိန်ပြီးရိုက်ထားတယ်"ဟု Kam Khan Sing ကပြောသည်။ ပြည်တွင်းရုပ်ရှင်ကားများထဲမှ ရုပ်ရှင်ပွဲတော်တွင်ပြသရန်အတွက် ရုပ်ရှင်ဇာတ်ကား ၃၅ ကားကို ရွေးချယ်ထားပါသည်။ Kam Khan Sing သည် ယမန်နှစ်တွင်လည်း Peterwin-tonick Award ရရှိခဲ့သူဖြစ်သည်။(CW)

# မီးလောင်မှုကြောင့် ပျက်ဆီးဆုံးရှုံးသွားခဲ့သော မင်းတပ် အအအအမြို့မစည်ပင်

၂ မေ ၂၀၁၇

ချင်းပြည်နယ်တောင်ပိုင်းမင်းတပ်မြို့ရှိ မြို့မစည်ပင်သာယာဈေးသစ်ပြန်လည်တည်ဆောက်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို (၃၀) ရက် (၄) လ ၂၀၁၇ခုနှစ်၊တနင်္ဂနွေနေ့ နံနက် ၇း၅၀ မိနစ်တွင် ဗုဒ္ဓဘာသာဆရာတော်ကြီးများ နှင့် ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီးများဖြင့်မြေသန့်အ္ဓန္တရာယ်ကင်းဆုတောင်းပွဲပြုလုပ်ကျင်းပသည်။ထိုပွဲတွင်ချင်းပြည်နယ်စည်ပင်နှင့်လျှပ်စစ်ဝန်ကြီးဆလိုင်းအိုင်ဇက်ခင်၊ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ ဦးအောင်သန်း၊ လွှတ်တော် အမတ်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ နှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

မြို့မစည်ပင်သာယာဈေးသည် ၂၀၁၆ခုနှစ်တွင်မတော်တဆမီးလောင်မှုကြောင့်ဈေးတစ်ခုလုံးပျက်ဆီးခဲ့သည့်အတွက် ပြည်နယ် အစိုးရမှ ပြန်လည်တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ အထူးရန်ပုံငွေဖြင့်ဆောင်ရွက်ပေးလျက်ရှိရာကုန်ကျမည့်ငွေသန်း(၅၀၀)ကို ချမှတ်ပေးခဲ့သည်ဟု ချင်းပြည်နယ်စည်ပင်ဝန်ကြီးထံမှသိရှိရသည်။

"၂၀၁၆ ခုနှစ်ကတည်းက မီးလောင်ပျက်ဆီး သွားပြီး ခုချိန်ထိ ပြန်မတည်ဆောက်နိုင်ခဲ့တာ ဖြစ်ပါတယ်၊ ပြည်နယ်အစိုးရကနေပြီးပြန်လည်တည်ဆောက်နိုင်ဖို့ကြိုးစားခဲ့ပေမဲ့ဆောက်လုပ်ရမည့်ကုန်ကျစရိတ်ပမာဏကိုပြန်ကြည့်တဲ့အခါမှာတည်ဆောက်နိုင်မည့်အနေထားမရှိခဲ့ဘူး၊ ဒါကြောင့် နိုင်ငံတော်သမ္မတရုံးကိုတင်ရတာ ဖြစ်ပါတယ်၊ အခုနိုင်ငံတော်သမ္မတ အထူးရန်ပုံငွေနဲ့ မြို့မစည်ပင်ဈေးကြီးကို ပြန်လည်တည်ဆောက်နိုင်ဖို့အတွက် ကျပ်သန်းပေါင်း (၅၀၀) ကိုချမှတ်ပေးထားပါတယ်၊ အစကတော့ သုံးထပ်ဆောက်ဖို့အစီအစဉ်ဖြစ်ပါတယ်၊ ပထမထပ်ကို ကုန်စိမ်း၊ ဒုတိယထပ်ကို ကုန်ခြောက်နဲ့အထည်၊အပေါ်ဆုံးအထပ်ကိုခန်းမအတွက်လုပ်ဖို့အစီအစဉ်ရှိတာ၊ သေချာတွက်ချက်ကြည့်လိုက်တော့ သန်း(၅၀၀)နဲ့ဆိုရင် နှစ်ထပ်အတွက်လောက်ပဲဆောက်နိုင်မဲ့အနေထားဖြစ်နေတယ် တည်ဆောက်မည့် အရွယ်အစားကို လာမည့်အင်္ဂါနေ့လောက်မှာ A1 Constructionကနေပြီးဒီဇိုင်းတွေကိုချပြမယ်၊



ဒါကို ကော်မတီကနေသုံးသပ်အတည်ပြုသွားမယ်၊ ကျတော်တို့ကုမ္ပဏီကိုတင်ဒါ ခေါ်ပါတယ် ဒါပေမဲ့ ကျတော်တို့လိုချင်တဲ့ အနေထားမရပါဘူး၊ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကုမ္ပဏီတွေကလည်းအားသာချက်တွေအများကြီး ရှိပါတယ်၊ ဒါကြောင့် ပြည်နယ်အစိုးရအနေနဲ့ ကော်မတီဖွဲ့ပြီးတော့တိုက်ရိုက်ကြီးကြပ်ပြီးဆောင်ရွက်ခဲ့ကြတာပါ၊ Foundationချတဲ့အခါနောင်မှာသုံးထပ်ထိ ဆောက်နိုင်အောင်သုံးထပ်အတွက် Foundation မျိုးကိုချမယ်၊ ပထမဆုံးကတော့တည်ဆောက်ရေးလုပ်ငန်းကအရေးကြီးဆုံးဖြစ်ပါတယ်၊ ဒီနှစ်လ၊ သုံးလအတွင်းမှာ အတတ်နိုင်ဆုံးပြီးအောင်ဆောင်ရွက်သွားကြမှာပါ၊ ဒီမြို့မဈေးက တောင်ပိုင်းတစ်ခုလုံးရဲ့အထင်ကရတစ်ခုဖြစ်တဲ့အတွက် သပ်သပ်ရပ်ရပ်နဲ့လှလှပပ ဖြစ်အောင်တည်ဆောက်ကြမယ်၊အခုတည်ဆောက်နေတဲ့အချိန်မှာဈေးသူဈေးသားတွေဆီကရန်ပုံငွေတောင်းခံဖို့ အစီအစဉ်မရှိပါဘူး။ တည်ဆောက်မှုပြီးသွားလို့ရှိရင်လည်း ဈေးသူဈေးသားများရဲ့ပျက်ဆီးထူးခြားမှုအပေါ်တွေကိုကြည့်ပြီးတော့ဈေးသူဈေးသားများကျေနပ်မှုရှိအောင် အတတ်နိုင်ဆုံးပြုလုပ်ပေးသွားမှာဖြစ်ပါတယ်၊လောလောဆယ်မှာဆိုင်ခန်းနေရာချထားရေးနဲ့ပါတ်သက်ပြီး ဘာမှဆုံးဖြတ်ချက်မချရသေးပါဘူး၊ အဆောက်ဦးပြီးသွားရင်တော့ ဈေးကော်မတီနဲ့စ်ပင်ကော်မတီတွေကညှိနှိုင်းပြီး ဆောင်ရွက်သွားမှာပါ"ဟု ချင်းပြည်နယ်လျှပ်စစ်နှင့်စည်ပင်ဝန်ကြီး ဆလိုင်းအိုင်ဇက်ခင် ကပြောသည်။

"၂၀၁၇ ခုနှစ် မတ်လ ၂၆ ရက်နေ့မှာ ချင်းပြည်နယ်အစိုးရကတင်ဒါယှဉ်ပြိုင်စနစ်ပြုလုပ်ပါတယ်၊ကုမ္ပဏီနှစ်ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်၊ ဒါပေမဲ့ သတ်မှတ်ထားတဲ့အနေထားမရတဲ့အတွက် ကော်မတီကိုဖွဲ့ဖို့ကျတော်တို့ကိုတာဝန်ပေးပါတယ်၊ ကော်မတီဖွဲ့တဲ့အခါမှာ ချင်းပြည်နယ်လျှပ်စစ်နဲ့စည်ပင်စက်မှုလက်မှုဝန်ကြီးကဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးကဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးကတော့ ကျတော်၊ ဒုအတွင်းရေးမှူးက မင်းတပ်မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ၊ ဌာနဆိုင်ရာအကြီးအကဲတွေကောစုစုပေါင်း (၁၆) ဦးနဲ့ကော်မတီကိုဖွဲ့ထားကြပါတယ်"ဟု မင်းတပ်မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတိုင်းလင်း ကလည်း ပြောပါသည်။

THE KHONUMTHUNG NEWS JOURNAL

Editorial Board

Chief Editor - J.Sangtea

Managing Editor - Tui Dim

Editor - Salai Robert

T.V Incharge - Tui Dim

Reporter - Moe Kyaw
- Aung Ling
- Rokung
- Hniangte
- Biesoh

Layout Design - Moe Kyaw

Board Member
- Lawma
- David Lalrin
- Hlai Myo Thein

Distribution Managers
Justina

Advisory Board
T. Panglai
Baenard L.Chhangte

Producer
J. Hmingthansanga
5/KLT (N) 117352

လက်မှတ်အမှတ် – 01183

Address
Tahan, Kalaymyo
Registration No. 01183

Printing Press -
Thukha Myaing , Offset
Mandalay

# အညတရသူရဲကောင်းဗိုလ် Lian Nawn M.C B.G.M MiD

## ဆလိုင်းဇန်ကျုံးလျန် (ယူကေ)

ဗြိတိသျှအင်ပါယာ၊ ဗြိတိသျှ တပ်မတော်တွင် သူရသတ္တိဆိုင်ရာစွမ်းရည် ဘွဲ့များထဲ၌ တတိယအမြင့်ဆုံးဖြစ်တဲ့ Military Cross (MC) ဆုတံဆိပ်၊ စတုတ္ထအမြင့်ဆုံးဆုတံဆိပ်ဖြစ်တဲ့ MiD ခေါ် "Mention in Dispatche အပြင် Burma Gallantry Medal (B.G.M) ခေါ် မြန်မာ့သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်များဖြင့် ချီးမြှင့်ခြင်းခံရသူဟာ ဗိုလ် (Lieutenant)LianNawnဘဲဖြစ်ပါတယ်။ ချင်းလူမျိုးများထဲတွင် MC နှင့် BGM တံဆိပ်နှစ်ခုလုံး ဆွတ်ခူးနိုင်သူ သုံးဦးအနက်တစ်ဦးဖြစ်ပါတယ်။ ဒီလိုမျိုး MC BGM နှင့် MiD တံဆိပ်တွေ ဆွတ်ခူးရရှိနိုင်သူဟာမေတန်မှုရှားပါးတဲ့အတွက် ကျွန်တော်သူ့အကြောင်းကို ကျွန်တော်ရဲ့ လူမှုကွန်ရက်စာမျက်နှာ Facebook မှာတင်ပြခဲ့တယ်။ ဒီလိုနဲ့ သူ့မိသားစုဝင်တွေနဲ့အဆက်သွယ်ရခဲ့တယ်။ သူ့မိသားစုဝင်တွေကနေတစ်ဆင့်သူ့အကြောင်း အနည်းငယ်လေ့လာခွင့်ရခဲ့တယ်။ဖြစ်ချင်တော့ သူဟာတစ်ချိန်က ဗြိတိသျှနယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ဗိုလ်ကြွန်ဘိခ် ရဲ့မျိုးဆက်ဖြစ်တယ်။ သူဟာ ဖလမ်းမြို့နယ် တာရွှန်းရွာမှာ မွေးဖွားခဲ့ပါတယ်။ ၁၉၃၆ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် သူဟာ အခြားချင်းလူငယ်များနည်းတူဗြိတိသျှတပ်မတော်သို့ဝင်ရောက်ခဲ့ပါတယ်။ မေမြို့မှာရှိတဲ့ အမှတ် (၂) ဗမာ့သေနတ်ကိုင်တပ်ရင်းတွင် တပ်သားအဖြစ် ဝင်ရောက်ခဲ့ပြီး ၁၉၁၈ တွင် ဒု–တပ်ကြပ်၊ ၁၉၃၉ တွင် တပ်ကြပ်၊ ၁၉၄၀ တွင် တပ်ကြပ်ကြီး ရာထူးတိုးမြှင့်ခြင်းခံရပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာတဲ့အခါ တပ်ကြပ်ကြီး Lian Nawn ဟာ အမှတ် (၂) ဗမာ့တပ်ရင်းမှာဘဲအမှုထမ်းခဲ့ပါတယ်။ဗမာ့တပ်ရင်းဟာ 77th Infantry Brigade လက်အောက်ခံဖြစ်ခဲ့တယ်။ သူဟာ စစ်ဘက်ဆိုင်ရာထူးချွန်တဲ့အတွက်တပ်မဟာ (Brigade) မှ ရွေးချယ်ထားတဲကူမန်ဒိုတပ်ဖွဲ့(Brigade Commander'sParty)ထဲမှာ ပါဝင်ခဲ့တယ်။ အဲဒီပါတပ်ဖွဲ့ဟာဗိုလ်မှူးအောင်သင်းမှဦးဆောင်ခဲ့တယ်။ သူပါဝင်တဲ့ ကွန်မန်ဒိုတပ်ဖွဲ့တွေဟာဟာတပ်မဟာ 77th Infantry Brigadeသွားမယ့် လမ်းကြောင်းတွေအတွက် ရှေ့ပြေးအဖြစ်သွားရတယ်။ တပ်မဟာသွားမယ့် လမ်းကြောင်းရဲ့အခြေအနေကို လေ့လာရတယ်။ ၁၉၄၃ မတ်လမှာ သူဟာဗိုလ် (Jemadar)ရာထူးတိုးမြှင့်ခြင်းခံရတယ်။ ၁၉၄၃ နွေဦးကာလတွင် ဂျပန်စစ်တပ်နဲ့ တိုက်ခိုက်ပြီး သူတို့ကူမန်ဒိုတပ်ဖွဲ့ဟာ အကုန်လုံးကွဲခဲ့ရတယ်သူ့တပ်စိတ်ခေါင်းဆောင် ဗိုလ်မှူးဗလစိန်နဲ့ လမ်းခွဲခဲ့ရတယ်။ သူတို့တာဝန်ဟာ ချင်းတွင်းမြစ်ကမ်းရှိရွာများတွင် အခြေအနေလေ့လာပြီးမှ အနောက်ဘက်သို့ ချင်းတွင်းမြစ်ဖြတ်ကူးရန်ဖြစ်တယ်။သူ့တပ်စိပ်ခေါင်းဆောင်နဲ့ဆက်သွယ်မရတော့ တာဝန်တွေအကုန်းလံသူ့ပခုံးပေါ်ကရောက်လာခဲ့တယ်။ တပ်စိတ်ဟာစိတ်ဓာတ်ကျဆင်းနေချိန်မှာတင်သူဟာ သူတာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့တယ်။သူကျန်ခဲ့တဲ့နေရာရှိအနီးအနားရွာတွေဟာလည်း ဗိုလ်ချုပ်အောင်ဆန်းရဲ့ဗမာ့အမျိုးသားတပ်မတော်နဲ့ ဂျပန်တွေကို အားပေးတဲ့သူတွေဖြစ်ပြီး ဗြိတိသျှစစ်တပ်ကို မုန်းတီးနေကြတဲ့အချိန်ဖြစ်တယ်။ သူလေ့လာဖို့သွားတဲ့




ရွာဟာ ဂျပန်လက်အောက်သို့ကျရောက်ပြီးဖြစ်တယ်။ ဒါနဲ့ ချင်းတွင်းမြစ်ကို ကူးဖို့ပြန်ဆုတ်တဲ့အချိန်မှာ ချင်းတွင်းမြစ်ကူးဖို့သူတို့ကိုစောင့်နေတဲ့လှေတွေဟာ သူတို့ကိုထားခဲ့ပြီး ထွက်ခွာသွားခဲ့တယ်။သူ့တပ်စိပ်မှူးဗလစိန်ဟာလည်း သူတို့လမ်းခွဲတဲ့နောက်ပိုင်း ဒီနေ့အချိန်ထိသူ့ထွက်မလာတော့လို့ဆုံးသွားတယ်လို့ဘဲ ယူဆကြရတယ်။ ဒါပေမယ့်သူဟာ မရှုံးမပေးဘဲ ဗြိတိသျှစစ်တပ်ကိုမုန်းတဲ့ရွာထဲကိုဝင်ပြီးချင်းတွင်းမြစ်ဖြတ်ဖို့ စီစဉ်နိုင်ခဲ့တယ်။ ဒီလိုနဲ့ အောင်အောင်မြင်မြင် ချင်းတွင်းမြစ်ကို ဖြတ်ကူးနိုင်ပြီး ဗြိတိသျှတပ်နဲ့အတူ အိန္ဒိယသို့ဆုတ်ခွာနိုင်ခဲ့တယ်။ အဲဒီလို စွမ်း




ဆောင်ချက်ကြောင့် သူဟာ ဗြိတိသျှဘုရင်မှချီးမြှင့်တဲ့ စတုတ္ထအမြင့်ဆုံးဖြစ်တဲ့ MiDခေါ် "MentioninDispatches" တံဆိပ်ဖြင့်ချီးမြှင့်ခြင်းခံခဲ့ရပါတယ်။

ထို့နောက် အိန္ဒိယနိုင်ငံမှာ အခြားချင်းတပ်ရင်းများနည်းသူ လေ့ကျင့်ရေးလုပ်ရတယ်။ သူဟာထင်ရှားကျော်ကြား Major General Orde Wingate ရဲ့ခြင်္သေ့တပ်ဖွဲ့မှာ ပါဝင်ခဲ့တယ်။ အဲဒီချိန်တုန်းက သူဟာနောက်ချင်းတပ်ရင်း တပ်ရင်းမှူးတွေဖြစ်လာတဲ့ ဟရန်ထီးယိုး (HrangThio)၊ ဆွန်ခိုပေါင် (SonKhoPao) နောက် M.C နဲ့ BGMချီးမြှင့်ခြင်းခံရတဲ့ Subadar Khawmaတို့နဲ့အတူ အမှုထမ်းခဲ့တယ်။ ခြင်္သေ့တပ်ဖွဲ့ရဲ့ ပထမစစ်ဆင်ရေးဖြစ်တဲ့ Operation Longcolth မှာသူလည်း တိုက်ပွဲဝင်ခဲ့တယ်။ ဒီစစ်ဆင်ရေးဟာ၁၉၄၃ဖေဖော်ဝါရီလတွင်စတင်ခဲ့ပြီး၊ မတ်လတွင်မူပြန်လည်ဆုတ်ခွာခဲ့ကြတယ်။ နောက်တစ်ဖန် ခြင်္သေ့တပ်ဖွဲ့ရဲ့ ဒုတိယစစ်ဆင်ရေး ဖြစ်တဲ့ Operation Thursdayမှာလည်း တိုက်ပွဲဝင်ခဲ့တယ်။ ဒီစစ်ဆင်ရေး နှစ်ခုစလုံးမှာ Chindit Force(ခြင်္သေ့တပ်ဖွဲ့) နဲ့အတူ သတ္တိရှိရှိ တိုက်နိုင်ခဲ့လို့ ဗြိတိသျှအင်ပါယာတွင် သူရသတ္တိဆိုင်ရာစွမ်းရည်ဘွဲ့များထဲ၌ တတိယအမြင့်ဆုံးဖြစ်တ Jh Military Cross (MC) ဆုတံဆိပ်ကိုလည်းချီးမြှင့်ခြင်းခံရတယ်။ နောက်ပြီး Burma Gallantry Medal တံဆိပ်နဲ့လည်း ချီးမြှင့်ခြင်းခံရသေးတယ်။ ဒီတံဆိပ်အတွက် ရဲ့ ခြင်္သေ့တပ်ဖွဲ့ကို ဦးစီးတဲ့ Major General Orde Wingate ကိုယ်တိုင် Recommend လုပ်ထားခြင်းဖြစ်တယ်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီး ၁၉၄၅ ခုနှစ်တွင် သူဟာ ကျန်းမာရေးကြောင့် စစ်တပ်ကနေပင်စင်ယူခဲ့ရပါပြီး ဖလမ်းမြို့တွင်ထောက်ပံ့ရေးအရာရှိ (Supply Officer) အဖြစ်တာဝန်ထမ်းဆောင်ခဲ့တယ်။ သူဟာ ဒီဆုတံဆိပ်တွေ MC BGM နဲ့ MiD ချီးမြှင့်ခြင်းခံခဲ့ရပေမယ့် ဆုတံဆိပ်တွေကိုမူသူ့လက်ထဲမရောက်ခဲ့နိုင်ရှာဘူး။အဲဒီဆုတံဆိပ်တွေအတွက်တပ်မတော်မှတ်တမ်းရုံးနှင့်စစ်ရေးချုပ်ရုံး တွေကို သူအကြိမ်ကြိမ်ဆက်သွယ်ခဲ့တယ်။တပ်မတော်မှတ်တမ်းရုံးမှ၁၉၄၉ပြည်တွင်းစစ်အတွင်းကရင်သူပုန်တွေမှ မေမြို့ရှိတပ်မတော်မှတ်တမ်းရုံး ဝင်ရောက်သိမ်းပိုက်စဉ် ပျောက်ဆုံးကြောင်းပြန်ကြားခဲ့ကြသည်။ နောက်ပြီး ဆုတံဆိပ်တွေအတွက် ဒီဆုတံဆိပ်တွေပေးတဲ့ လန်ဒန်မြို့ရှိ Common Wealth Relations Office ကို ၁၉၆၀ ဇန်နဝါရီလမှာဆက်သွယ်ခဲ့တယ်။ အဲဒီစာထဲမှာ ဆုတံဆိပ်တွေကို ၁၉၄၄ ခုနှစ်မှာ အိန္ဒိယမှာရှိတဲ့ Governor of Burma's ရုံးသို့ပို့ထားပြီးဖြစ်ကြောင်း၊ အဲဒီရုံးမှလည်း လက်ခံကြောင်းလက်မှတ်ရေးထိုးခဲ့တယ်။ ဗမာပြည်မှာရှိတဲ့ စစ်ရုံးချုပ်ကိုဘဲဆက်သွယ်ရန် အကြောင်းပြန်ခဲ့ကြသည်။ ထိုစာနဲ့အတူး ဗြိတိသျှဘုရင်မှာချီးမြှင့်တဲ့ Metion In Despatche Certificate ကိုတော့သူ့ထံ အရောက်ပို့နိုင်ခဲ့ကြတယ်။ ၁၉၆၁ တွင် ဝန်ကြီးချုပ်



By the KING'S Order the name of
5528 Havildar Lian Nawn,
Burma Rifles,
was published in the London Gazette on
16 December, 1943,
as mentioned in a Despatch for distinguished service.
I am charged to record
His Majesty's high appreciation.

Secretary of State for War

# ရေးတော့ရေးချင်ပေမဲ့ မရေးရဲဘူး

## ဆလိုင်းအွခ်လားဘိခ် (မတူပီ)

ပြောတော့ပြောချင်ပေမဲ့မပြောရဲတာတွေ၊ ရေးတော့ရေးချင်ပေမဲ့ မရေးရဲတာတွေဖုံးကွယ်ထားတာရက်လနှင့်ချီ၍ နှစ်သို့တိုင်ရှည်ကြာနေပါပြီ။ ကျွန်တော်သည် စာဖတ်စာရေးဝါသနာထုံသည်။ ခရီးထွက်ခြင်း၊ဓာတ်ပုံရိုက်ခြင်း၊ ပုဂ္ဂိုလ်ထူးများအား တွေ့ဆုံဆွေးနွေးခြင်း၊ အခမ်းအနားတက်ရောက်ခြင်း၊ လူမှုဝန်ထမ်းများပါဝင်ကူညီခြင်း၊သာရေးနာရေး၌ ပါဝင်လှုပ်ရှားခြင်း၊တေးသီချင်းနားထောင်ခြင်းတို့လည်း ထမင်းဟင်းမေ့ပစ်သည်အထိ ဝါသနာပါလေသည်။ အထုံဝါသနာအရတွေ့ရသမျှစာအုပ်စာပေများဖတ်ရှုသည်။ စာအုပ်ဆိုင်၊ စာကြည့်တိုက်များသို့လည်းဝင်ကာပညာရှာမှီးခဲ့သည်။သတင်းစာ၊ဂျာနယ်စာစောင်များဝယ်ယူဖတ်ရှုသည်။ လောကီလောကုတ်စာပေသာမကသုတရသစာပေများပါ ဖတ်ရှုလေ့လာသည်။ အဓိကအားဖြင့် သမိုင်းဆိုင်ရာ၊ အတ္ထုပတ္တိဆိုင်ရာနှင့် မျိုးဆင်းသက်ပျံ့နှံ့လာပုံများဦးစားပေးဖတ်ရှုလေ့လာခဲ့သည်။ ထို့အပြင်သမိုင်းပညာရှင်များ၊ စာရေးဆရာနှင့် ကဗျာဆရာများနှင့်လည်းတွေ့ဆုံကာအမြင်ချင်းဖလှယ်ခဲ့သည်။ လူကြီး လူကောင်းများထံ ချဉ်းကပ်ကာဘဝဖြစ်ရပ်များ၊ ထိုသူတို့လုပ်ဆောင်ချက်များမေးမြန်းမှတ်သားခဲ့သည်။ဤသည်အထုံဝါသနာကြောင့် စာရေးဆရာတက္ကသိုလ်စိန်တင်၊ဒေါက်တာသက်လွင်၊သန်းဝင်းလှိုင်တို့အား ဝမ်းသာအားရစွာဖြင့် လက်ဆွဲနှုတ်ဆက်ခဲ့ဘူး၏။ နိုင်ငံကျော်စာရေးဆရာကြီးများကလည်းတန်ဖိုးဖြတ်၍မရသည့် စာအုပ်များ အမှတ်တရအဖြစ် ပေးကမ်းခဲ့၏။ တစ်ဖန် ၂၀၁၇ ခုနှစ်မတ်လ (၁၇)ရက် ဗုဒ္ဓဟူးနေ့တွင် မတူပီမြို့ဘုံတလာခန်းမဆောင်ဝင်း၌ ချင်းဂျာနယ်(Khonumthung)အယ်ဒီတာ ဆလိုင်းရောဘတ်နှင့် အမှတ်မထင်တွေ့ဆုံပြီး ချင်းဂျာနယ်နှင့်ဆလိုင်းဗန်ကျုံးလျန်(ယူကေ) ရေးသားတဲ့ သူရဲကောင်းဗိုလ်ကြွန်ဘိခ်အတ္ထုပတ္တိစာအုပ်ကိုမေတ္တာလက်ဆောင်အဖြစ် ပေးအပ်ရင်း စာမူတောင်းခံခြင်းကိုလည်း တရိုတသေဖြင့် ဤသည် ချင်းသမိုင်းကြောင်းထဲက ဖြစ်ရပ်လေးများကိုပင်ပန်းနစ်နာခံကာ ကလောင်သွေးနေရခြင်းဖြစ်သည်။ သာစေနာစေ မနောဆိုးသဘောပုပ်ဖြင့်သူတစ်ပါး၏ အပြစ်အနာအဆာနှင့်အားနည်းချက်တို့ကို ထိုးနှက်ပြသခြင်း၊ ဝေဖန်ပုပ်ခတ်ခြင်းလုံးဝမဟုတ်၊အရှိကိုအရှိအတိုင်း ဝန်ခံကာ အမှန်တရားကိုချစ်မြတ်နိုးရန်ဆန္ဒဖြင့်ချင်းသမိုင်းဖြစ်ရပ်မှန်ပေါ်ထွက်ရန်၊ မျိုးချစ်နိုင်ငံရေးသမားများပေါ်ထွန်းရန်၊ မျိုးဆက်သစ်တက်လူငယ်များက ချင်းသမိုင်းကြောင်းလေ့လာသိရှိ နိုင်ရန်နှင့်သမိုင်းကြောင်းဖြစ်ရပ်ထဲက အားနည်းချက်များအပေါ်ဘဝသင်ခန်းစာရယူနိုင်ပါရန်အဓိကရည်ရွယ်လျက် ဤသည်ဆောင်းပါးကိုစာအုပ်စာတမ်းများဖတ်ရှုလေ့လာပြီး ရေးသားပြုစုနေရခြင်းဖြစ်ပါသည်။

### ချင်းဆိုတာ ဘယ်လိုပါလိမ့်

၂၀၁၂ ခုနှစ်ဧပြီလ (၂၀) ရက်နေ့တွင် ဖလမ်းမြို့ရောက်ရှိခဲ့ပြီး ဆရာကြီးဦးဗန်ကြီးအိမ်၌တစ်ညတည်းခိုအိပ်ခဲ့၏ လိုင်လွန်ဂူသို့လည်းသွားရောက်လေ့လာခဲ့၏ လိုင်ဇိုးရွာသို့လည်းသွားရောက်ကာသူရဲကောင်းကာနယ်ဟရန်ထီယိုအုတ်ဂူသို့လည်းဆိုင်ကယ်ဖြင့်သွားရောက်ကာဦးညွှတ်ဂါရဝပြုခဲ့၏။

ထိုမှအပြန် အဲဖ်ဘီစီ(FBC) လက်ဖက်ဆိုင်၌ခဏနားခဲ့စဉ်ကြားသိခဲ့သည်ကား "ချင်းအစား ဇိုမီး" အမည်နာမကို သုံးစွဲနေရမှာ၊ ချင်းဆိုသည့်စကားလုံး တို့ဘာသာစကား၌မရှိဘူး "အဓိပ္ပါယ်လည်းမရှိဘူး" ဇိုမီးဆိုတာ အမည်ရင်းဖြစ်လို့ဘဲဇိုမီးဘပ်တစ်ကွန်ဗင်းရှင်း(Zomi Baptist Convention) အဖြစ်ဖွဲ့စည်း ရပ်တည်နေကြတယ်။ ချင်းဆိုတာ နယ်ချဲ့အင်္ဂလိပ်တွေကသိမ်းသွင်းအုပ်ချုပ်ခဲ့ပြီးနောက်မှည့်ခေါ်တာပဲဖြစ်တယ်။ ဗမာတွေက မှည့်ခေါ်တဲ့အမည်နာမပဲဖြစ်တယ် ဆိုပြီးအမည်မသိသည့်လူကြီးတစ်ဦးကပြောဆိုခဲ့ဘူး၏။

### လေ့လာ သုံးသပ်ချက်

ကိုလိုနီခေတ်ဦး တော်လှန်ရေးသမိုင်းဝင်အာဇာနည်များစာအုပ်တွင်ရေးသားဖော်ပြချက်အရ ၁၈၈၇ ခုနှစ် မတ်လတွင် အထက်ချင်းတွင်းခရိုင်၊ ကလေးမြို့သို့ အရေးပိုင်ဗိုလ်ကြီးရိုက်သည်ရောက်ရှိလာပြီး ဘုန်းကြီးကျောင်း၌ စီယင်းချင်းအမျိုးသားခေါင်းဆောင်များဖြစ်သော ထွန်းစံ၊ ဟောက်စံ၊ ဒေါ်စံ၊ ထင်းစံတို့နှင့်အတူတွေ့ဆုံဆွေးနွေးသည်။

တာရွှန်းချင်း ခေါင်းဆောင်ဗိုလ်ကြွန်ဘိခ်နှင့်တွေ့ဆုံရန်ဆက်သားစေလွှတ်ခဲ့ရာ၊ ဗိုလ်ကြွန်ဘိခ်က မိမိသည်အင်းဒင်သို့မလာနိုင်၊မိမိကိုတွေ့လိုကချင်းတောင်ခြေရှိ စီဟောင်ရွာသို့လာရောက်တွေ့ ဆုံရန်အကြောင်းပြန်လိုက်သည်။ ၁၈၈၇ ခုနှစ် မေလ ၄–၅ ရက်နေ့တွင် ဗိုလ်ကြွန်ဘိခ်၊ ရွှေဂျိုးဖြူမင်းသား၊ ဗိုလ်သာဒွန်း၊ ဗိုလ်တုတ်စံတို့နှင့်ပူးပေါင်း၍ရရာလေးမြားကိုင်ဆောင်ကာ နယ်ချဲ့အင်္ဂလိပ်တို့အားတော်လှန်ခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ချင်းတောင်တန်းဒေသကို ၁၈၈၇–၈၈ခုနှစ်နောက်ပိုင်း၌သာ ရောက်ရှိခဲ့ကြသည်။ ၁၈၇၆ ခုနှစ်တွင် ကုလားတန်မြစ်ကမ်းပလက်ဝမြို့ကို စတင်တည်ထောင်ခဲ့သည်။ ၁၈၈၆ ခုနှစ်ဖေဖော်ဝါရီလတွင် နယ်ချဲ့တို့သည် မင်းတပ်သို့စတင်ရောက်ရှိခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ်သမိုင်းပါမောက္ခဂျီအိပ်ချ်လုစ်ကသုတေသနပြုပြီး ရေးသားဖော်ပြထားသည်မှာ 'ပုဂံမင်းများလက်ထက်တွင် ချင်းလူမျိုးများသည် ချင်းတွင်းပတ်ဝန်းကျင်တွင်နေထိုင်ကြသည်။ ချင်းတွင်းဟူသောစကားလုံးသည်ချင်းလူမျိုးများ၏ နေထိုင်ရာတွင်းဟု အဓိပ္ပါယ်ရှိသည် (၁၃) ရာစုပုဂံကျောက်စာတွင် ချင်းနှင့်ချင်းတွင်းများကိုဖော်ပြထားသည်" ဟုရေးသားခဲ့သည်။

စာရေးဆရာ မင်းသုဝဏ်၏ မြန်မာနိုင်ငံရေးခေတ်ဘာသာပြန်သမိုင်းအချုပ်စာတမ်းတွင် ခိုင်မာသောအထောက်အထားများအရ မြန်မာတို့အကြောင်းကိုစတင်တွေ့ရှိရသောအခါတွင် မြန်မာတို့သည်မိမိတို့ချည်းသက်သက်နေထိုင်ကြသည်မဟုတ်။ အခြားလူများနှင့် ထွေးရောယှက်တင်ဆက်ဆံပေါင်းသင်းနေထိုင်ကြပေပြီဟုရေးသားထားပြီး အမှတ်စဉ်(၆) ချင်းအမည်နာမကိုလည်း ရေးထိုးသည်။ အချို့သမိုင်းပညာရှင်များကမူ ချင်းတို့သည် တရုတ်ပြည်နှင့်တိဗက်ကုန်းပြင်မြင့်အကြားတွင် နေထိုင်လာခဲ့စဉ်ကပင် ချိယန်"အမည်ဖြင့်ရှိနေနှင့်ပြီးဖြစ်သည်ဟု ယူဆကြသည်။

ဆာအာသာဖယ်ရာက မြန်မာပြည်အနောက်မြောက်ဖက်ရှိ ချင်းလူမျိုးတို့အကြောင်းသိရှိလိုကြောင်း ၁၈၆၉ ခုနှစ် တွင် မင်းတုန်းမင်းထံ စာရေးအကြောင်းကြားခဲ့၏ ထို့ကြောင့် ချင်းဆိုသည့် အမည်နာမသည်နယ်ချဲ့အင်္ဂလိပ်တို့ ရောက်ရှိသိမ်းသွင်းခဲ့ပြီးမှပေါ်လာသော အမည်နာမမဟုတ်ချေ။ အင်္ဂလိပ်တို့ကမှည့်ခေါ်သော အမည်နာမဟုတ်ချေ၊ဗမာတို့ကခေါ်ဆိုသောအမည်နာမလည်းမဟုတ်ချေ။ ရှေးမဆွကတည်းကပင် လူမျိုးတစ်ရပ်အမည်နာမ အဖြစ်တည်ရှိနေခဲ့ပြီးဖြစ်ပေသည်။

### မီဇိုဆိုတာ ဘာလဲ

၁၉၉၁ စက်တင်ဘာ(၂၇)ရက်နေ့တွင် မီဇိုရမ်မြို့တော်အိုင်းဇောလ်မြို့ မီဇိုအမျိုးသားခေါင်းဆောင် ပူးလာလ်ဒိန်းငါအုတ်ဂူသို့သွားရောက်ခဲ့၏ ထိုမှအပြန် ဟွာလ်ငိုးစာအုပ်တိုက်ရောက်ရှိပြီးဖတ်ရှုလိုသည့်စာအုပ်များ ဝယ်ယူခဲ့၏ အမည်မသိတစ်ဦးက လက်ဖက်ရည်နှင့်ဧည့်ခံသည်။ ဤသို့ လက်ဖက်ရည်သုံးဆောင်ရင်း မိတ်ဖွဲ့ခဲ့၏ စကားပြောရင်းပြောရင်းနှင့်ကြားသိခဲ့သည်မှာ "ငါတို့လူမျိုးရဲ့အမည်ရင်းကတော့လူရှေပါပဲ။ မီဇိုဆိုတာ ဆူပူသောင်း ကျန်းမှုရှိခဲ့ပြီး ပူးလာလ်ဒိန်းငါ (Pu Laldenga) ကနေအသစ်တစ်ဖန်အမည်နာမပြောင်းလဲခေါ်ဝေါ်တာဖြစ်တယ်။ ကဘော်ခမ်းပတ်တစ်ဝိုက်နေထိုင်ခဲ့စဉ်က လူမျိုးနာမည်ကတော့လူရှေပါပဲ။ ဒုလျနဘာသာစကားကိုပြောဆိုနေကြပါတယ်ဟုလာပြောခဲ့၏။

### လေ့လာသုံးသပ်ချက်

မီဇိုရမ်တွင်ဆူပူသောင်းကျန်းမှုစတင်ခဲ့သည်မှာ ၁၉၆၆ ခုနှစ်ဖေဖော်ဝါရီလ (၂၈) ရက်နေ့ဖြစ်သည်။ ထိုနှစ်မတ်လတစ်ရက်နေ့တွင် ခေါဇောလ်၊ ချမ်ဖိုင်း၊ လုံးလေနှင့်မတ်လ (၂) ရက်နေ့တွင် အိုင်းဇောလ်ခေါ်ပွီးတို့အား ဝင်တိုက်ခဲ့သည်။ ထိုနှစ်တွင် မီဇိုအမျိုးသားတပ်ဦးစတင်ဖွဲ့စည်းခဲ့သည်။လူရှေတောင်တန်းနိုင်ငံရေးအရာရှိ မစ္စတာကယ်ဘီသည် အာသံကော်မ ရှင်နာချုပ်ထံ ၁၈၉၂ ဇူလိုင် (၂၃) ရက်နေ့တွင် ပေးပို့သောအစီရင်ခံစာတွင် လူရှေ (Lushai) လို့ခေါ်တဲ့သူတို့ကကိုယ်တိုင်က မီဇို(Mizo) မီဇောက် (mizau) လို့ခေါ်ဆိုနေကြကြောင်း ရေးသားခဲ့သည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ၁၉၆၆ ခုနှစ်နောက်ပိုင်းမှသာ မီဇိုအမည်နာမပေါ်ထွက် လာခြင်းမဟုတ်ဘဲ၊ထိုထက်မကသောရှေးရာစုနှစ်ပေါင်းများစွာကပင်ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။ မတူပီမြို့စတင်တည်ထောင်သူ ၁၉၉၈ ခုနှစ် မေလ (၉) ရက်နေ့တွင် မြို့မိမြို့ဖဦးယုံ နေဦးဆောင်စည်းရုံးမှုဖြင့် မတူပီမြို့၊ တစည်ရုံး၌ မြို့ရွှေရတုကျင်းပရေးကော်မတီ စည်းအဝေးကျင်းပခဲ့၏။ ထိုအစည်းအဝေးအပြီး ရှစ်လမ်းဆုံလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သုံးဆောင်ခဲ့ကြစဉ် လူကြီးတစ်ဦးက "နာမည်ရင်းကတော့ မတူပီမဟုတ်ဘူး၊ ဘတူး သို့မဟုတ် ငလားပါပဲ၊ အဘဦးဆန်နိမ်းက မြို့အဖြစ်စတင်တည်ထောင်ခဲ့ပြီးနောက် မတူပီအဖြစ်အမည်နာမပြောင်းလဲပေးလို့ဖြစ်တယ်" ဟု ပြောဆိုခဲ့ဘူး၏။ လေ့လာသုံးသပ်ချက်နာမည်ရင်းမှာ

# ရေးတော့ရေးချင်ပေမဲ့ မရေးရဲဘူး

## စာ – ၆ မှအဆက်

ဘတူး၊ လေားဖြစ်သည်ကို အကြွင်းမဲ့ ထောက်ခံပါသည်။ သို့သော် အဘဦးဆန်နိမ်းက ဘတူးကနေမတူပီအဖြစ် အမည်နာမစတင်ပြောင်းလဲသတ်မှတ်ပေးခဲ့သည်ဆိုသည်ကို လုံးဝမယုံချေ။ ယခင်ကိုလိုနီခေတ် မူလတန်းကျောင်းသုံးချင်းဖတ်စာ၊ ဟားခါးမြို့နယ်အကြောင်းတွင် "matu antimi ramthar ah mi antam tuk lo nan khua an ngan ngai ngai. Matupi antimi khua pakhat ah inn 600 tluk an umi lai tlang ah angan bikmi khua a si " အဆိုပါ ချင်းဖတ်စာအုပ်ကို သာသနာပြုဆရာကြီးဟားဘတ်ခုပ်က ၁၉၂၇–၃၀ ကြားကာလတွင် ရန်ကုန်မြို့၊ ဘဲပ်တစ်မီရှင်ပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့သည်။ ဦးဆန်နိမ်းသည် ၁၉၁၇ ခုနှစ် အောက်တိုဘာလ (၂၇) ရက်နေ့–တွင် မတူပီမြို့နယ်ငလိုင်ကျေးရွာတွင် ဖွားမြင်ခဲ့ပြီး၊ ၁၉၃၃ ခုနှစ်တွင် မတူပီ၌ ဖွင့်လှစ်ခဲ့သော ချင်းစာမူလတန်းကျောင်းတွင် ဆရာကြီးလျန်ကာရ်နှင့် ဆရာဆာခေါင်းတို့ ထံ ပညာသင်ယူခဲ့သည်။ သူကျောင်းစမတက်ခင် ၁၉၂၇ ခုနှစ်တွင်ပုံနှိပ်ထုတ်ဝေသော ချင်းဖတ်စာအုပ်တွင် မတူပီဆိုသည့် အမည်နာမပါရှိခဲ့ပြီးဖြစ်သည်။ ဦးကီယိုမန်းသည် ဒို့ဗမာအစည်းအရုံးဝင်ဟုတ်သလောတိုင်းရင်းသားလူမျိုးအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ၊ ပထမတွဲ စာမျက်နှာ (၁၈၉) တွင် ထို့နောက် ဒို့ဗမာအစည်းအ ရုံးခေတ်ရောက်လာသောအခါ ဦးဝမ်းသူးမောင်း၊ သခင်အောင်မင်း(ဦးဖေလိန်း)၊ သခင်အောင်ညွှန့်(ဦးအွမ်နိန်း) ဦးကီယိုမန်းတို့သည်ဒို့ဗမာအစည်းအရုံးနှင့်ဆက်သွယ်ကာ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့်လွတ်လပ်ရေးအတွက်ဆက်လက်စည်းရုံး ၍ လှုပ်ရှားခဲ့ကြ၏ ဟုဖော်ပြခဲ့၏။

### လေ့လာသုံးသပ်ချက်

ဦးကီယိုမန်းသည် ဒို့ဗမာအစည်းအရုံးဝင်လုံးဝမဟုတ်ချေ။ သူသည် ဟားခါး၊ ဖလမ်းမြို့တွင် (၇)တန်းအထိ ပညာသင်ယူခဲ့သည်။ ထို့နောက် ဟားခါးနယ်ပိုင်ရုံးတွင်စာရေးအဖြစ် ထမ်းဆောင်ခဲ့၏။ ၁၉၃၁ – ၁၉၄၈ ခုနှစ်အထိ ဖခင်၏ အရိုက်အရာကို ဆက်ခံခဲ့ပြီး တိုက်အုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့၏။ ၁၉၄၇ ခုနှစ်နိုဝင်ဘာလတွင် ဦးငွန်တိုးအစားဟားခါးမြို့နယ်မှ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်အဖြစ်ရွေးချယ်တင်မြှောက်ခဲ့သည်။ မဒေါ့စွန်း၊ မင်းတပ်ဘူနိန်း၊မြင့်သူရတို့၏ရေးသားတင်ပြချက်အရ ဦးကီယိုမန်းမဟုတ်၊ မသုံနူးရွာမှ ဦးကီးမန်သာဖြစ်သည်။

### နတ်မတောင် အမည်နာမ

"ကိုလိုနီခေတ်တွင် ဗြိတိသျှအစိုးရက ဝိတိုရိယတောင်ဟု အမည်မှည့်ခေါ်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ခေါ်နူးကိုနတ်မဟု မားယွင်းစွာဘာသာပြန်ခဲ့ရာမှ ယနေ့အထိ နတ်မတောင်ဟုခေါ်ဆိုလာကြကြောင်းသိရသည်။ ( Zomi Theological College Falam Chin State VTEC.II March 31-April 21 2005 page 69) လေ့လာသုံးသပ်ချက် နတ်မတောင်အမည်နာမသည် ၁၉၆၇ ခုနှစ်ခန့်ကစတင်ခဲ့သည့်အမည်မဟုတ်ချေ။ ရန်ကုန်မြို၊ တောင်ပေါ်ချင်းကျောင်းသားများသမဂ္ဂ၊ မဂ္ဂဇင်း(၁၉၅၄) စာမျက်နှာ(၅)တွင်မောင်ကီးလိန်း၏ ချင်းတောင်၏ မနုသဗေဒဆောင်းပါးတွင် "နတ်မတောင်သည် အမြင့်ဆုံးတောင်ထိပ်ဖြစ်၍ ပေပေါင်း ၁၀၀၁၈ ရှိရာ မြန်မာပြည်တွင် ဒုတိယအမြင့်ဆုံးတောင်ထိပ၏ဖြစ်မည်"ဟုရေးသားသည်ကို ထောက်ရှုလေ့လာခြင်းအားဖြင့် ၁၉၆၇ ခုနှစ်မတိုင်မီကတည်းကပင် နတ်မတောင်အမည်နာမသည် ပေါ်ထွက်ရှိခဲ့လေပြီဖြစ်သည်။ ဝန်ကြီးချုပ် ဦးနုကိုယ်တိုင်ဖလမ်းမြို့ရောက်ရှိသည့်ခုနှစ် "၁၉၅၀ ခု၊ မတ်လ (၂၂) ရက်နေ့တွင် ဝန်ကြီးချုပ် ဦးနုနှင့်အဖွဲ့သည် ကလေးမြို့မှ မော်တော်ယဉ်များဖြင့် လုမ်းဘန်သို့ ရောက်ရှိ၍ညအိပ်ကြသည်။ နောက်နေ့တွင် မြင်းများစီး၍ဖလမ်းမြို့သို့အသွားအပြန်ခရီးသွားကြသည်။ (စာမျက်နှာ ၈၈၊ လုမ်းဘန်ရွာ၊ အထက စိန်ရတုသတင်းအထိမ်းအမှတ်မဂ္ဂဇင်း (၁၉၂၅–၂၀၀၀)။

### လေ့လာသုံးသပ်ချက်

ဝန်ကြီးချုပ်ဦးနုသည်ဖလမ်းမြို့ရောက်ရှိခဲ့သည်မှာမှန်ပါသည်။ သို့သော် ရောက်ရှိခဲ့သည့် ခုနှစ်သက္ကရာဇ်ကိုသာလေ့လာဝေဖန်လိုသည်။ ဦးပုကလေး (သတင်းစာဆရာ) ရေးသားသည့်ဝန်ကြီးချုပ်ဦးနုဘာတွေလုပ်ခဲ့သလဲ(၂၀၁၁ အောက်တိုဘာလ စာမျက်နှာ (၁၁၀)တွင် "ဝန်ကြီးချုပ် သခင်နုသည်ကျိုင်းတုံမှပြန်၍ ရန်ကုန်တွင် နစ်ရက်မျှနားပြီးနောက် ၁၉၄၉ ခု ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၈ ရက်နေ့အထိချင်းဝိသေသတိုင်း ဖိုဒ်ဟိုက်၊ လုံဘမ်း၊ တာရွှန်းနှင့်ဖလမ်းတောင်တန်းမြို့များသို့ ခရီးထွက်ပြန်၏ "ဟုရေးသားဖော်ပြချက်အရ ၁၉၅၀ ပြည့်နှစ်မတ်လမဟုတ်ချေ။ ၁၉၄၉ ခုနှစ် ဇန်နဝါရီလသာမှန်ပေသည်။ အောင်ဆန်းသူရိယ ဗိုလ်ကြီးတိုက်ချွန်း၏ မွေးရပ်မြေ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် မတူပီမြို့နယ် ရဲန်ခဲန်းရွာတွင် ဗိုလ်ကြီးတိုက်ချွန်းကျောက်စာတိုင်ဖွင့်ပွဲအခမ်းအနား၌ ကျွန်တော်ကိုယ်တိုင်တက်ရောက်ကာ ဂုဏ်ပြုကဗျာရှည်ဖတ်ကြားခဲ့၏။ အဆိုပါကျောက်စာတိုင်တွင်ဤရဲန်ခဲန်းရွာ၌ဗိုလ်ကြီးတိုက်ချွန်းမွေးဖွားခဲ့ကြောင်း ရေးထိုးထားသည်ကိုဖတ်ရှုခဲ့ရာ စာဖတ်သူကျွန်တော့အနေဖြင့် စိတ်မကောင်းဖြစ်မိသည်။ တစ်ဖန်တအောဆွေမျိုးသားချင်းများဆက်သွယ်ရေးအစည်းအရုံး၊ သလင်းရတုသဘင်အထိမ်းအမှတ်မဂ္ဂဇင်း (၂၀၁၆) စာမျက်နှာ–၄၆ "မတူပီနယ်ရွာငယ် လွီဗန်း၊ ဟော်ဖွန်း၊ နိုင်ဟိုက် သားထိုက်ရင်နှစ်၊ ချစ်သွေးသက်လယ် မျက်သွယ်ရှုမငြီး၊ ဗိုလ်ကြီးတိုက်ချွန်း ဇာတိရင်းသာ၊ဟုတ်သော်မှန်ရာဖြစ်ခဲ့ပါ၏' လေ့လာသုံးသပ်ချက်လူတစ်ဦးစီး၌ ဇာတိချက်ကြွေမွေးရပ်မြေတစ်ခုသာရှိသည်။ မည်သူမျှနှစ်ခုမရှိခဲ့ဘူးချေ။ ဗိုလ်ကြီးတိုက်ချွန်းသည် ရဲန်ခဲန်းရွာတွင် မွေးဖွားခဲ့သည်မဟုတ်၊ ဘိုးဘွားတို့၏ နေရပ်ကားမှန်ပေသည်။ တစ်ဖန်သူကိုယ်တိုင်ရေးဖြည့်သော ကိုယ်ရေးအကျဉ်း၌ မိဘအမည်ကို ထန်ရေး၊ နင်ဟိုက်ဟုသာရေးသားမှတ်တမ်းတင်ခဲ့၏။ ဤကဗျာကိုရေးဖွဲ့သူ ကျွန်တော့အနေဖြင့်ဤသို့ရေးဖွဲ့စီကုံးသည်မဟုတ်၊ အယ်ဒီတာကသာသူ့ဆန္ဒသဘောအရ ရေးသားပြင်ဆင်ပေး၏။ စာရေးဆရာ တက္ကသိုလ်စိန်တင်၊ ဆရာကြီးဗန်ကြီး၊ ဆရာကြီးဘွေဟူး၊မင်းနေသွေး၊ ဆလိုင်းဗန်ကျုံးလျန်တို့ရေးသားသည့် ဆောင်းပါးတွင် ဇာတိ လွီဗန်းဟု သာရေးခဲ့၏။ ၁၉၈၆ ခုနှစ်ဇွန်လ(၃)ရက်နေ့တွင် သူနောက်ဆုံး နေထိုင်ရာဘွေလီရွာသို့ သွားရောက်ခဲ့ပြီး တွေ့ဆုံဆွေးနွေးခဲ့ရာ "အဘရဲ့ မှတ်ပုံတင်ထဲအရပေါ့ နော် မွေးဇာတိကတော့ လွီဗန်းရွာ ဆာအုန်းအရပ်မှာပေါ့လေ၊ မဘကတော့ဦးထန်ရေးနှင့် ဒေါ်နိုင်ဟိုက်ဖြစ်ပါတယ်" ဟု သူကိုယ်တိုင်ထွက်ဆိုခဲ့သည်။ အမှန်တရား၊ သမ္မတရားတော့ ကျွန်တော်မသိရှိပါ။ ကာယကံရှင်ကိုယ်တိုင် ထွက်ဆိုချက်အရသာရေးသားတင်ပြရခြင်းကိုကားမငြင်းသာချေ။ စာရေးသူတိုင်းကလက်ခံရမည်မဟုတ်လေ။ တော်ဝင်တောင်ဇလပ်ပန်းကဗျာကိစ္စ "သူ၏အရောင်သတင်းဆောင်သော်၊ ပျူတို့၏တေးသတ္တိသွေးကိုအလေးထားဆဲရည်ညွှန်းမြဲမို့၊ ဗိုလ်ချုပ်လမ်းစဉ် သမိုင်းငင်၍ တိုင်းပြည်ရန်အေးစည်းလုံးရေးသို့သမိုင်းပေးတာဝန်ကျေကြောင်းညွှန်၏။ အလှတင့်တယ် ပျူတို့နယ်ကိုထယ်ဝါစေကြောင်းဝတ်ရည်လောင်း၏။" (မင်းတပ်ခရိုင်မဂ္ဂဇင်း ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ စာမျက်နှာ ၄၆) လေ့လာသုံးသပ်ချက် ဤကဗျာကို ကျွန်တော်ကိုယ်တိုင်ကပင်ပန်းအနစ်နာခံပြီးရေးဖွဲ့ခဲ့သည်ကားအမှန်ပင်ဖြစ်သည်။ သို့သော် ကျွန်တော်၏ မူရင်းလက်ရေးမူရင်း၊ ရေးဖွဲ့စီကုံးမှုကားဤသို့မဟုတ်ချေ။ ဤသို့ဖြင့်နောက်နောင်ဆက်လက် ဖော်ပြနေပါကကျွန်တော်ရေးဖွဲ့သည့်ကဗျာပါပဲဟုဝန်ခံရန်ဝန်လေးပါသည်။ ကျွန်တော်၏ မူရင်းအရေးအသားမှာ "သူ၏အရောင်သတင်းဆောင်သော်၊ ချင်းတို့၏တေး သတ္တိသွေးကို၊ အလေးထားဆဲရည်ညွှန်းမြဲမို့၊ ဗိုလ်ချုပ်လမ်းစဉ် သမိုင်းငင်၍တိုင်းပြည်ရန်အေးစည်းလုံးရေးသို့၊သမိုင်းပေးတာဝန်ကျေကြောင်းညွှန်း၏။အလှတင့်တယ် ချင်းတို့နယ်ကို၊ ထယ်ဝါစေကြောင်း ဝတ်ရည်လောင်းစသည်ဖြင့်အစချီကာရေးဖွဲ့ခဲ့သည်။

ကျွန်တော်၏ လေ့လာတွေ့ရှိချက်အရ သစ္စာရှင် အောက်ချင်ငှက်၊ နှလုံးသာန်သဘာဝရိကန်၊ တော်ဝင်တောင်ဇလပ်ပန်းတို့သည်တို့ချင်းတိုင်းရင်းသားတို့၏ သင်္ကေတအမှတ်အသားများပင်ဖြစ်သည်။ ပျူလူမျိုးနှင့်တောင်ဇလပ်ပန်းသည်ကား ပတ်သက်မည်မဟုတ်ချေ။ သမိုင်းပညာရှင်ဦးဘသန်း၏ ကျောင်းသုံးရာဇဝင်စာအုပ်အရ ပျူလူမျိုးတို့၏ အချက်အခြာဒေသများမှာ ပြည်မြို့၊ ဟန်လင်းမြို့၊ မုံရွာရှိ ဖိုးဝင်းတောင်အရပ်ဒေသ၊ရမည်းသင်းနယ်ရှိ ညောင်လွန်၊ မကွေးနယ်ရှိ ဗိသာနိုးအရပ်များတို့ဖြစ်သည်။ ပါမောက္ခ ဂျီအိပ်ချ်လုစ်၊ ဒေါက်တာသန်းထွန်း၊ ဗိုလ်မှူးဘရှင်၊ ဒေါက်တာ ချစ်စံဝင်း၊ မောင်သာ၊ ဒေါက်တာအောင်သန်းဝင်း၊တင်လှိုင် (မိတ္ထီလာ)၊ဆလိုင်းရှိဆန်းတို့၏သမိုင်းဆိုင်ရာစာပေလက်ရာများ ဖတ်ရှုလေ့လာသောအခါ ပျူလူမျိုးတို့၏ အချက်အခြာအရပ်များတွင် တောင်ဇလပ်ပန်းများဖူးပွင့်နေကြောင်းစာသားမတွေ့ရှိရသဖြင့်ပျူလူမျိုးနှင့်တောင်ဇလပ်ပန်းသည် ပတ်သက်မှုဆက်စပ်မှုရှိမည်မဟုတ်ချေ။ အနောက်ရိုးမ တို့ချင်းဌာနေ၊ တို့ ချင်းပြည်နယ်ကို ပျူတို့အရပ်ဟု ကျွန်တော်လုံးဝမရေး၊ အယ်ဒီတာကသာပြင်ဆင်ရေးသားပေသည်။ အများသဘောတူညီချက်နှင့်သက်ဆိုင်ရာမှအမိန့်အမှတ်ဖြင့် ပြန်တမ်းထုတ်နေပါကကျွန်တော်တစ်ဦးတစ်ယောက်အနေဖြင့် ငြင်းဆန်မည်မဟုတ်၊ အများဆန္ဒကို မလွန်ဆန်နိုင်ချေ။ ၂၀၁၄ ခုနှစ် ဇွန်လ (၆) ရက်နေ့တွင် စာပေမိတ်ဆွေ ဆလိုင်းအဲလ်ရိန်ယိုင် (ပညာရေး) နှင့် မတူပီ အထက(၁) လက်ဖက်ရည်ဆိုင်တွင် တွေ့ဆုံခဲ့စဉ်

# ဒုတိယ ပင်လုံမှာ ပြည်နယ် ဖွဲ့စည်းပုံ ဥပဒေ ရေးဆွဲရေး ဆွေးနွေးမယ်

12 မေ 2017




ဒုတိယ ပင်လုံညီလာခံမှာ အန်စီအေ လမ်းကြောင်း အတိုင်းသွားမယ်လို့ ကတိကဝတ်ပြုတဲ့ အဖွဲ့တွေကို တက်ရောက်ခွင့်ပေးမှာ ဖြစ်တယ်လို့နိုင်ငံတော် အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောပါတယ်။ လာမယ့် မေလ ၂၄ ရက်နေ့မှာ ကျင်းပမယ့် ဒုတိယအကြိမ် ၂၁ရာစု ပင်လုံညီ–လာခံမှာ ပြည်နယ် ဖွဲ့စည်းပုံဥပဒေ ရေးဆွဲဖို့ကိစ္စ ဆွေးနွေးဖို့ အတွက် နေပြည်တော်မှာကျင်းပနေတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲ ကော်မတီ (ယူပီဒီဂျေစီ) အစည်းအဝေးက သဘောတူခဲ့တယ်လို့ သိရပါတယ်။

ပြည်နယ် ဖွဲ့စည်းပုံဥပဒေရေး ဆွဲမယ်ဆိုရင် ပြည်ထောင်စုဖွဲ့စည်းပုံ ဥပဒေကိုမဆန့်ကျင်တဲ့ ပြည်နယ်အစိုးရရဲ့ လုပ်ပိုင်ခွင့်နဲ့ ဥပဒေပြဋ္ဌာန်းခွင့်တွေ ပါဝင် ရေးဆွဲနိုင်တယ်လို့ ပအိုဝ်း လွတ်မြောက်ရေးတပ်ဖွဲ့ ဗိုလ်မှူးကြီး ခွန်ဥက္ကာက ဘီဘီစီကို ပြောပါတယ်။ အခုလိုကျင်းပတော့မယ့် ဒုတိယ ပင်လုံ ညီလာခံမှာတနိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးစာချုပ် အန်စီအေမှာ လက်မှတ်ထိုးထားတဲ့သူတွေနဲ့ မထိုးရသေးပေမယ့် အန်စီအေ လမ်းကြောင်း အတိုင်း သွားမယ်လို့ ကတိကဝတ်ပြုတဲ့ အဖွဲ့တွေကို တက်ရောက်ခွင့် ပေးမှာ ဖြစ်တယ်လို့ နိုင်ငံတော် အတိုင်ပင်ခံရုံး ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဌေးက ဘီဘီစီကို ပြောပါတယ်။

မေလ ၁၂ ရက်နေ့မှာ (၁၀) ကြိမ်မြောက် ကျင်းပခဲ့တဲ့ ဒီယူပီဒီဂျေစီ အစည်းအဝေးမှာ လာမယ့်တပတ်ကျော်မှာကျင်းပမယ့် ဒုတိယပင်လုံ ညီလာခံမှာဆွေးနွေးမယ့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနဲ့ သယံဇာတ စတဲ့ ကဏ္ဍတွေနဲ့ပတ်သက်တဲ့အချက် (၄၁) ချက်ကိုလည်း သဘောတူခဲ့ကြတယ်လို့ သိရပါတယ်။

အခုလို သဘောတူလိုက်တဲ့အထဲမှာ ယူပီဒီဂျေစီ အတွင်းရေးမှူး အဖွဲ့ကတင်ပြတဲ့ နိုင်ငံရေးကဏ္ဍ ဖ ရပ် ဖြစ်တဲ့ အချုပ်အချာအာဏာ၊ အချုပ်အချာအာဏာ ကျင့်သုံးမှု၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်ပြည်ထောင်စုမူနဲ့ ပါတီစုံ ဒီမိုကရေစီ စနစ်ဆိုင်ရာ ကဏ္ဍတွေ ပါဝင်ပြီး ပြည်နယ်ဖွဲ့စည်းပုံ ဥပဒေ ရေးဆွဲရေး ကိစ္စကတော့ ဒီနိုင်ငံရေး ကဏ္ဍတွေ ထဲမှာ သဘောတူချက်တခုအဖြစ်ပါဝင်နေတာဖြစ်ပါတယ်။

အခုလိုပြည်နယ် ဖွဲ့စည်းပုံ ဥပဒေ ရေးဆွဲတဲ့ အစီအစဉ်ကို ဒုတိယပင်လုံမှာဆွေးနွေးမှာ ဖြစ်ပေမယ့် တကယ်တမ်း ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို မပြင်ဆင်နိုင်ရင်တော့တိုင်းရင်းသားတွေအတွက် အကျိုးမရှိနိုင်ဘူးဆိုတဲ့ ဝေဖန်မှုတွေလည်း ရှိနေပါတယ်။ BBC

# ၂၁ ရာစု ပင်လုံညီလာခံတက်ဖို့ ကုလအတွင်းရေးမှူးချုပ်ကို ဖိတ်ကြား

16 မေ၊ 2017

မေလ ၂၄ ရက်နေ့ ကျင်းပဖို့ စီစဉ်ထားတဲ့ ၂၁ ရာစုပင်လုံ ဒုတိယ စည်းဝေးပွဲကို ကုလသမဂ္ဂအတွင်းရေး မှူးချုပ်တက်ရောက်ဖို့ မြန်မာနိုင်ငံက ဖိတ်ကြားထားပါတယ်ရေလမ်း၊ကုန်းလမ်း ပါဝင်တဲ့ခေတ်သစ်ပိုးလမ်းကြီးစီမံကိန်း အတွက်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးထိပ်သီးဆွေးနွေးပွဲတက်ရောက်ခဲ့တဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် António Guterres တို့ တရုတ်နိုင်ငံ ဘေဂျင်းမြို့တော်မှာ တနင်္လာနေ့က တွေ့ဆုံခဲ့ကြတာပါ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ်ဖော်ဆောင်မှုနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာကုလသမဂ္ဂကအားပေးထောက်ခံနေတဲ့ကိစ္စတွေအပြင် ရခိုင်ပြည်နယ်



မှာရှိနေတဲ့ ပြဿနာရဲ့ဇစ်မြစ်ကို မျှမျှ–တတ ကိုင်တွယ်ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကိုဒေါ်အောင်ဆန်းစုကြည်နဲ့ Mr. Guterres တို့ ဆွေးနွေးခဲ့ကြတယ်လို့ ကုလသမဂ္ဂက သတင်းထုတ်ပြန်ပါတယ်။အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စတွေကို ဆွေးနွေးကြတဲ့အပြင် မကြာခင်ကျင်းပမယ့် ၂၁ ရာစုပင်လုံ ဒုတိယစည်းဝေးပွဲကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တက်ရောက်ဖို့ ဖိတ်ကြားခဲ့တယ်လို့လည်းနိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံမှာ မေလ ၁၄ ရက်နဲ့ ၁၅ ရက် ၂ ရက်ကျင်းပခဲ့တဲ့ Belt and Road Forum ထိပ်သီးဆွေးနွေးပွဲအတွင်းနိုင်ငံ့အကြီးအကဲတွေကြား စားပွဲဝိုင်းထိုင် ဆွေးနွေးပွဲတွေမှာ ဒေါ်အောင်ဆန်းစုကြည်လည်း ပါဝင်ဆွေးနွေးမိန့်ခွန်းပြောကြားခဲ့ပါတယ်။ ပိုးလမ်းမသစ်ကြီး စီမံချက် အောင်မြင်စေဖို့အတွက်အပြန်အလှန်နားလည်မှု၊လေးစားမှုကို အခြေခံတဲ့ ပြည်သူအချင်းချင်းကြား ကောင်းမွန်တဲ့ဆက်ဆံရေးရှိမှု နဲ့ တည်ငြိမ်အေးချမ်းတဲ့ ပတ်ဝန်းကျင်တစ်ရပ် ရှိမှုတို့ဟာ အဓိကကျတဲ့အခြေခံအချက်တွေ ဖြစ်တယ်ဆိုတာကို

ဒေါ်အောင်ဆန်းစုကြည်က အလေးထားပြောခဲ့ကြောင်းနိုင်ငံတော် အတိုင်ပင်ခံရုံးက သတင်းထုတ်ပြန်ထားပါတယ်။ ရည်မှန်းချက်ပေါင်း ၂၇၀ ပြည့်မှီအောင် ဆောင်ရွက်ရမယ့် အစီအစဉ်တွေကို ထိပ်သီးစည်းဝေးပွဲ တက်ရောက်ခဲ့တဲ့ နိုင်ငံတွေသဘောတူညီခဲ့ကြတယ်လို့ တရုတ်သမ္မတ Xi Jinping ကဆွေးနွေးပွဲ အဆုံးသတ်ပွဲမှာ ပြောကြားခဲ့ပါတယ်။ ဗွီအိုအေ (မြန်မာပိုင်း)

**မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ်ဖော်ဆောင်မှုနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ကုလသမဂ္ဂကအားပေး ထောက်ခံနေတဲ့ကိစ္စတွေအပြင် ရခိုင်ပြည်နယ်မှာရှိနေတဲ့ ပြဿနာရဲ့ဇစ်မြစ်ကို မျှမျှတတ ကိုင်တွယ်ဖြေရှင်းနိုင်မယ့် နည်း လမ်းတွေကို ဒေါ်အောင်ဆန်းစုကြည်နဲ့ Mr. Guterres တို့ ဆွေးနွေးခဲ့ကြ တယ်လို့ ကုလသမဂ္ဂက သတင်းထုတ်**

# ချင်းအဆိုတော် Israel Vsl နှင့်တွေ့ဆုံခြင်း

ဖြေ။ ။ကျတော်နားထောင်ဖြစ်တာကတော့ အစုံနားထောင်တယ်တခါတလေဆိုရင် Rap,Hip-Hopတွေလည်းနားထောင်တာလေးတွေရှိတယ် ဘာလို့လဲဆိုတော့ သူ့ရဲ့ အယူဆလေးတွေကို ဒီအနုပညာတွေကိုဖလှယ်လို့ရတယ်ဒါမယ့်နားထောင်တာလေးတွေကတော့အစုံပဲ Pop,Rock, အစုံပဲ ဒါမယ့် အနှစ်သက်ဆုံးကတော့ ဒီဘက်ပိုင်းရောက်တဲ့ Modernတို့ပြီးတော့ Metalနည်းနည်းဆန်တဲ့ဟာတွေ အဲလိုမျိုးလေးတွေပါပဲ ပြီးတော့ Rock လေးတွေကိုလည်းကြိုက်တယ်၊ ဂီတအမျိုးစားအကြိုက်ဆုံး မှာတော့ModernRock ပါပဲ။

မေး။ ။ မြန်မာပြည်က အဆိုတော်ထဲမှာဘယ်သူ့ကိုအကြိုက်ဆုံးလဲ။

ဖြေ။ ။ကျတော်အကြိုက်ဆုံးအလေးစားဆုံးဆိုရင် Meal Zone ပြီးတော့ ပုဂ္ဂိုလ် Vocalist နဲ့ကျတော့ အငဲပေါ့။

မေး။ ။နိုင်ငံတကာအဆိုတော်တွေထဲမှာကော် ဘယ်သူ့ကိုကြိုက်လဲ။

ဖြေ။ ဟုတ်ကဲ့ကျတော်အလေးစားရဆုံးက Dream Theater အကြိုက်ဆုံး Band ကတော့ Bon Jovi

မေ။ ။အခုလက်ရှိမှာခေတ်စားနေတဲ့ Myanmar idol အိပ်မက်ဆုံရာတို့ကို ဘယ်လိုမြင်လဲ။

ဖြေ။ ။ဟုတ်ကဲ့ကောင်းပါတယ်။ ဒါက မြန်မာနိုင်ငံမှာပဲမဟုတ်ဘဲနဲ့တကမ္ဘာလုံးက သူ့နိုင်ငံနဲ့သူလေ အမေရိကန်ဆိုရင်လည်း American Idol အဲကနေလူရာမြောက်အောင် အများကြီးသူတို့မွေးထုတ်ပေးတယ်အဲလိုမျိုးဆိုတော့ ကောင်းတယ်ထောက်ခံတယ်။

မေး။ ။အခုဆိုရင်ချင်းမျိုးဆက်သစ်လူငယ်အဆိုတော်တွေလည်း တဖြည်းဖြည်းများလာတယ်ပေါ့နော်၊ အခွေတွေလည်းထုတ်လာကြတယ်။ သူတို့ရဲ့ ဂီတပိုင်းဆိုင်ရာမှာအားရမှုရှိလား။

ဖြေ။ ။ချင်းတိုင်းရင်းသားတွေကြားမှာ လူငယ်တွေရဲ့ဂီတမှာပိုင်းဆိုင်ရာအရင်ထက်စာရင်တော့ ကျတော်တို့အများကြီးတိုးတက်သွားပြီး လုပ်လည်းလုပ်နိုင်ကြပြီ Home Studio လေးတွေနဲ့ကိုယ့်ဟာနဲ့ကိုရုန်းလာကြတယ်။ ဝမ်းလည်းသာတယ်။ ပြီးတော့အဲမှာတခုလေးနည်းနည်းထောက်ပြချင်တာကတော့ကျတော်လည်း အဲလောက်ကြီး မသိပေမယ့် မတတ်ပေမယ့် ကျတော်တို့မှာ အလုပ်တခုလုပ်ပြီဆိုရင် အဲအပေါ်ကို ကျတော်တို့မှာရှိတဲ့အရည်ချင်းနဲ့ ပြီးတော့အဲပေါ်မှာကိုထပ်ပြီးတော့သင်ချင်တဲ့စိတ်လေးနဲ့ ဥပမာကျတော်အနုပညာလုပ်တော့မယ်ဆိုရင် SoundEngineer အပိုင်းလေးတွေလေ့လာမယ် ဂီတာတီးတော့မယ်ဆိုရင် stuffnoteကောင်းကောင်းလေးနည်းနည်းလေ့လာမယ်သင်တန်းလေးတွေသွားပြီးသွားသင်မယ်စာလေးတွေဖတ်မယ် အဲလိုလေးတွေပိုလုပ်နိုင်ရင်တော့ဒီထက်ကောင်းလာမယ်။

မေး။ ။နောက်ပေါ်ထွက်လာမယ့်ချင်းမျိုးဆက်သစ်အဆိုတော်တွေအတွက် ဘာအကြံပြုချင်လဲ။

ဖြေ။ ။ဟုတ်ကဲ့နောက်တက်လာမယ့်လူငယ်တွေအများကြီးရှိမယ် ကျတော်တို့နောက်မှာရော လက်ရှိမှာရော ရှိနေတုန်းပဲ ကျတော်တစ်ခုလေးမှာချင်တာကတော့များသောအားဖြင့်ကျတော်တို့ချင်းအသိုင်းအဝိုင်းမှာဆိုရင် အနုပညာလုပ်တော့မယ်ဆိုရင် ခွဲခြားမှုကအရမ်းများတယ်လေ ရိုးရိုးသားသားပြောရရင် သူတို့ကဘုရားသီချင်းဆိုတယ်၊သူတို့ကအပြင်သီချင်းတွေ လောကသီချင်းတွေ Love song သီချင်းတွေဆိုတယ် ဒါကစာတန်ရဲ့အဖွဲ့တွေ အဲလောက်ထိတောင်အများကြီးဗျာ.....စကားလုံးတောင်မလောက်ဘူးဒါမယ့်အဲဒါတွေကို ကိုယ်ကအားခဲထားရမယ် ဒီအလုပ်လုပ်တော့မယ့်ဆိုရင် ကိုယ့်ကိုကိုယ်ယုံကြည့်မှုရှိပြီးတော့ ဘုရားဆီမှာဆက်ကပ်ပေါ့ ကိုယ်လုပ်တဲ့အလုပ် ကိုယ့်ကိုကိုယ်သိဖို့အရေးကြီးဆုံးပဲလေဒီအချိန်ကျတော်အရက်သောက်မယ်ကျတော်ဘာဖြစ်မယ်ကျတော်သိတယ် အဲတော့မကောင်းရင်မသောက်ဘူးအဲလိုမျိုးပေါ့ ဒီအလုပ်ကိုကျတော်လုပ်ရင် ကျတော်ဘာဖြစ်မယ်သိတယ်။ ဆုံးဖြတ်ချက်လုပ်လိုက်ပြီဆိုရင် ရဲရဲတင်းတင်းလုပ်လိုက်၊ဝေဖန်တာတွေမကောင်းဘူးပြောတာတွေသိပ်ဂရုစိုက်နေရင်တော့ အရာမရောက်ဘူးပေါ့။ အဲဒါလေးတော့မှာချင်တယ်ပြီးတော့ကျတော်တို့ချင်းအသိုင်းအဝိုင်းမှာဆိုရင်အနုပညာလုပ်တော့မယ်ဆိုရင်တခြားအသိုင်းဝိုင်းနဲ့မတူဘူးပိုပြီးတော့အားခဲရမယ် သူများအသိုင်းဝိုင်းထဲမှာသွားလုပ်မယ့်လုပ်အားခ ၅၀၀ နှုန်းလောက်ကိုကျတော်တို့ချင်းအသိုင်းဝိုင်းမှာတော့ ၁၅၀၀ လောက်ထုတ်ရမယ်မြင်းကောင်ရေကအဲလောက်လောက်နဲ့မှအဆင်ပြေမယ်။

မေး။ ။ဒီမေးခွန်းကတော့အမျိုးသမီးတွေသိပ်သိချင်တဲ့မေးခွန်းပါ။လက်တွဲဖော်ရှိနေပြီလား။

ဖြေ။ ။မနေ့ကသူ့ကိုပြောပြတော့ အဲလိုမေးခွန်းလေးတွေပါရင်ပါမှာနက်ဖြန်ငါအင်တာဗျူးသွားမှာငါဘယ်လိုပြောရမလဲလို့သူ့ကိုတောင်မေးခဲ့သေးတယ် အဲဒါဆိုရင်ပေါ်သွားပြီ...နင်မရှိဘူးလို့ပြောရဲရင်ပြောကြည့်ပါလားတဲ့နင့်ဆံပင်တွေအကုန်ကျွတ်သွားမယ်တဲ့။

မေး။ ။ နောက်ဆုံးအနေနဲ့အကိုယ့်ရဲ့ပရိသတ်တွေကိုစကားပါးပေးပါဦး။

ဖြေ။ ။ဟုတ်ကဲ့ကျတော်ခုနပြောပြီးတဲ့အတိုင်းပါပဲကျေးဇူးတင်တယ် ဆိုယုံကလွဲရင် ဘာမှမလုပ်ပေးနိုင်ဘူး။ဒါပေမယ့်ပရိသတ်တွေအားရအောင် ကျေနပ်အောင်နောက်ထပ် သီချင်းကောင်းလေးတွေကိုယ်တိုင်စပ်နိုင်အောင် ဆိုနိုင်အောင်အခွေကောင်းကောင်းလေးတွေ Quality ရှိတဲ့ဟာလေးတွေထုတ်နိုင်အောင် ကျတော်ဒီထက်မက ကြိုးစားမယ်လို့ကတိပေးချင်တယ် ကျေးဇူးတင်တယ်။

မေး။ ။ ခုလိုအချိန်ပေးပြီးကျနော်တို့ရဲ့မေးခွန်းအားလုံးဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။

ဖြေ။ ။ ဟုတ်ကဲ့ ကျနော်လည်းကျေးဇူးအများကြီးတင်ပါတယ်။

## အညတရသူရဲကောင်း

ဗိုလ် Lian Nawn

M.C B.G.M MiD

(စာ-၅ မှအဆက်)

ဦးနုသည်ထိုအချိန်က ချင်းဝိသေသတိုင်းမြို့တော် ဖလမ်းမြို့တွင် ချင်းအမျိုးသားနေ့ပါဝင်ဆင်နွဲရန် ရောက်လာစဉ်တွင်လည်း တံဆိပ်အကြောင်းကို သူပြောပြခဲ့သော်လည်းနောက်ပိုင်းတွင် တစ်စုံတစ်ရာ ပြန်ကြားခြင်းမရှိခဲ့ချေ။ ဗိုလ်Lian Nawn ဟာ ၁၉၆၂ မှာကား အက်စီးဒင့်ကြောင့်အသက်ဆုံးရှုံးခဲ့ရပါတယ်။ ကျန်ရစ်သူမိသားစုမှ သူ့အားရည်စူးပြီးအောက်မေ့ဖွယ် ကျောက်တိုင်တိုင်အား ဖလမ်းမြို့ကျင်မွှာလ်ရပ်ကွပ်ရှိကြိုဆိုပါဆိုင်းဘုတ်အနီးတွင် စိုက်ထူးခဲ့ကြပါတယ်။

ကိုးကား။

ဗိုလ် Lian Nawn မှတ်တမ်း (Unpublished Memoir) The National Archiveç Lodon

Ref: WO ၃၇၃/၃၄/၃၄၉၀
http://www.chindits.info/Awards/BGMLianNawn.htm
http://www.chindits.info/Awards/MCLianNawn.htm
http://www.chinditslongcloth1943.com/burma-rifle-citations.html
http://www.chinditslongcloth1943.com/burma-rifles-gallery.html
http://www.specialforcesroh.com/showthread.php?30332-Lian-Nawn
http://www.specialforcesroh.com/showthread.php?39022-Lian-Nawn

## ရေးတော့ရေးချင်ပေမဲ့.....စာ(၆)အဆက်

"အစ်ကိုကြီးဘယ်လိုလဲ၊ နင်ကတော့ ပျူလူမျိုးဖြစ်သွားပါပြီ၊ နင်ကိုယ်တိုင်ရေးဖွဲ့တဲ့ တော်ဝင်တောင်ဇလပ်ပန်းကသက်သေထူနေပြီ။ ချင်းလူမျိုး မဟုတ်တော့ဘူးနော်တဲ့' ကျွန်တော်ကလည်း မင်းတပ်ခရိုင်မဂ္ဂဇင်းထဲမှာပါရှိတာတော့အမှန်ပါပဲ။ ဒါမဲ့ မူရင်းလက်ရေးလက်သားကိုကြည့်၊ နိုင်ငံသားစီစစ်ရေးကဒ်ပြားကိုကြည့် ကျနော်က ချင်း၊ ခရစ်ယာန်ပါပဲ ဟု စိတ်ထဲရင်ထဲရှိသမျှ ထုတ်ဖော်ပြောပြပေးခဲ့ဘူး၏။ (ဤဆောင်းပါးရေးသားရာတွင် အကြံညဏ်ကောင်းများပေးကြသောဆရာကြီးဗန်ကြီး၊ ဆရာကြီးဒေါက်တာဘွေဟူး၊ပါမောက္ခ ဦးအဲလ်ဘွေကော၊ရဲအုပ်ဦးလာခဲ၊ ဆရာဦးပါယော၊ ဆလိုင်း အဲလ်ရိန်ယိုင်၊ ဆရာကြီး ဦးနိုင်းဟိုင်ကွန်းတို့အပေါ် အထူးကျေးဇူးတင်ရှိပါသည်။)

## လေမြို့မြစ်ရေအားလျှပ်စစ်စီမံကိန်း..... စာ(၆)အဆက်

အားဖြင့်ဆန့်ကျင်သွားမည်ဟုဖုန်လောင်ဒေသသဘာဝထိန်းသိမ်းရေးအဖွဲ့၏ မေလ ၁၅ ရက်နေ့က ထုတ်ပြန်သောကြေညာချက်တွင်ဖော်ပြထားသည်။

ချင်းပြည်နယ်လျှပ်စစ်ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်ကတော့ "ဒိုင်(ချင်း) မျိုးနွယ်စုများ၊ လေးတူ(ချင်း)မျိုးနွယ်စုများပျောက်ကွယ်သွားမည်ဆိုတာမည်သို့မျှ မဖြစ်နိုင်ပါ။ ပုံကြီးချဲ့ခြင်းသာဖြစ်ပါသည်။ ထိုသို့ သောအခြေအနေမျိုးဖြစ်လာနိုင်သည်ဆိုပါကလည်း မိမိတို့ ချင်းပြည်နယ်အစိုးရအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ရန် လုံးဝလက်ခံသဘောတူမည် မဟုတ်ပါ။ အမှန်စင်စစ်ဖြစ်နိုင်ခြေလေ့လာမှု၊လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်သက်ရောက်နိုင်မှုတို့ကိုမပြုလုပ်ပြီးသေးဘဲ စီမံကိန်းကြောင့် ဒိုင်/ လေးတူမျိုးနွယ်စုများ ပျောက်ကွယ်သွားနိုင်တယ်ဆိုပြီးပြောဆိုရေးသားခြင်းဟာလက်တွေ့ မကျတဲ့ တစ်ဖက်သတ်ပြောဆိုမှုသာဖြစ်ပါတယ်"ဟုပြောသည်။မတူပီမြို့ဘုံတလာရေတံခွန်ကနေ မြစ်ဖျားခံလာပြီး ရခိုင်ပြည်နယ်ကိုစီးဝင်သွားသောလေမြို့မြစ်ပေါ်တွင်ရေအားလျှပ်စစ်တည်ဆောက်မည့် စီမံကိန်းကို ၂၀၀၉ ခုနှစ်ကတည်းကတရုတ်အစိုးရနဲ့ဖက်စပ်လုပ်ကိုင်ရန်စတင်ခဲ့ကြပြီး သမ္မတ ဦးသိန်းစိန်လက်ထက် ၂၀၁၂ ခုနှစ်တွင်ပြန်လည်ရုပ်သိမ်းခဲ့သည့် ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။

# "ပြည်ထောင်စုမှ လုံးဝခွဲမထွက်ပါဘူး" ဆိုသည့် တပ်မတော်၏ အဆို ပြည်ထောင်စု စာချုပ်ကို သစ္စာဖေါက်ရာရောက်ဟု SNLD ပြော

Posted By: SHAN | on: May 17, 2017

ဒုတိယအကြိမ်ကျင်းပပြုလုပ်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၂၁ ရာစု ပင်လုံသည် ၁၉၄၇ ခုနှစ်က ထားရှိခဲ့သည့်ကတိကဝတ်ကို အကောင်အထည်ဖော်ရန် မကြိုးစားဘဲ ၎င်းကိုကျော်လွန်ဖောက်ဖျက်သွားပါက ပြည်ထောင်စုကိုသစ္စာဖောက်ရာရောက်ကြောင်းသျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD၏ပြောရေးဆိုခွင့်ရှိသူ စိုင်းလိတ်ကပြောသည်။

"ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဟာ NCA လုပ်ငန်းစဉ်အရ သွားနေတာပါ။ NCA ဟာ ၁၉၄၇ မှာ ချုပ်ဆိုခဲ့တဲ့ပင်လုံစာချုပ်ကို မလွှမ်းမိုးစေရဘူး။ မကျော်လွန်စေရဘူးလို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ပြောဆိုထားတာရှိပါတယ်။

ကျနော်တို့လည်းဒီအတိုင်းပဲ နားလည်လက်ခံထားတယ်။ဒါပေမယ့် ဒီလ (၁၂) ရက်နေ့မှာ ကျင်းပပြီးစီးသွားတဲ့ UPDJC အစည်းအဝေးမှာ တပ်မတော်ရဲ့တောင်းဆိုချက်အရ ပြည်ထောင်စုထဲကနေ လုံးဝခွဲမထွက်ပါဘူးဆိုတဲ့အချက်ကို အတည်ပြုမယ်လို့ကြားသိရပါတယ်။ အဲ့ဒီအတိုင်းသာ တကယ်လုပ်မယ်ဆိုရင် ဒါဟာပြည်ထောင်စု ကတိ ကဝတ်ကို ဖောက်ဖျက်တာပဲ။ တစ်နည်းအားဖြင့် ပြည်ထောင်စုစာချုပ်ကို သစ္စာဖောက်ရာရောက်တယ်လို့ ယူဆတယ် "ဟု စိုင်းလိတ် က သျှမ်းသံတော်ဆင့်ကို ပြောသည်။ တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခွင့်ရရန် မေလ ၂၄ ရက်နေ့မှာ စတင်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ် ကြောင်း၊ ထို့အတူ တိုင်းရင်းသားပြည်နယ်များ အနေဖြင့်လည်း ပြည်ထောင်စုကြီးမှ လုံးဝ ခွဲမထွက်ပါဘူး ဆိုသည့်အဆို အတည်ပြုမှုရရေးလည်း တပ်မတော်မှ ကြိုးပမ်းနေခြင်းဖြစ်သည်။

"ဘယ်တိုင်းရင်းသား ဘယ်ပြည်နယ်ကမျှ ခွဲမထွက်ပါဘူးလို့ ကတိပြုစေချင်ရင် တစ်ဖက်ကလည်းပဲ ခွဲမထွက်ချင်အောင် ဘယ်လိုပြုမူဆောင်ရွက်ပါမယ်ဆိုတာကို နိုင်ငံတကာကို သက်သေထားပြီး ကတိကဝတ်ပြုဖို့ လိုအပ်ပါတယ်။ အစိုးရဘက်ကစစ် မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလမ်းကြောင်းအတိုင်း မသွေမဖီ လျှောက်လှမ်းရအောင်လို့ ဒီခွဲထွက်ပိုင်ခွင့်ကိုထည့်သွင်း ရေးဆွဲခဲ့ရတာအားလုံးသဘောပေါက်ကြပြီးသားပါ" ဟု စိုင်းလိတ်က ဆက်၍ပြောသည်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ တွင် ခွဲထွက်ပိုင်ခွင့်ထည့်သွင်းရေးဆွဲထားခြင်းသည် ပြည်နယ်နဲ့ ပြည်ထောင်စုအစိုးရကြားထားရှိအပ်သည့် နိုင်ငံရေးအထိန်းအကွပ်တစ်ခုဖြစ်ကြောင်း။ Check and balance လုပ်နိုင်ဖို့ရှေ့လူကြီးများက အမျှော်အမြင်ရှိရှိချမှတ် လုပ်ဆောင်ထားခဲ့ခြင်းဖြစ်ကြောင်း စိုင်းလိတ်ကဤကဲ့သို့ဆက်၍ပြောသည်။

"ရှေ့လူကြီးများက အမျှော်အမြင်ရှိရှိချမှတ် လုပ်ဆောင်ခဲ့တာကို ကိုယ်တွေက နိုင်ငံရေး သိလည့် လို့ အကောင်အထည်မဖော်နိုင်တာနဲ့ပဲ ဒါဟာလက်ရှိကာလနဲ့မအပ်စပ်တော့ဘူးလို့ ကောက်ချက်ဆွဲလိုက်မယ်ဆိုရင် ဒါသမိုင်းကြောင်းမှန်ကိုကျောခိုင်းလိုက်တာပါပဲ။ နောက်တစ်ချက်က ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုဆန္ဒနဲ့အညီ ဒီမိုကရေစီစံနှုန်းပြည့်မီတဲ့ဖက်ဒရယ် ပုံစံဖြစ်အောင် အရင်မကြိုးပမ်းဘဲ ပြည်နယ်တွေကို ဖွဲ့စည်းပုံ ရေးခွင့်ပြုဖို့ဆွေးနွေးကြမယ်ဆိုတာ အချိန်ကုန်လူပန်းပြီး လိုရာခရီးလည်း မရောက်နိုင်ပါဘူးပြည်ထောင်စုလို့ဆိုကတည်းက ပြည် ထောင်တွေကို စုစည်းထားတဲ့သဘောကို အတိအကျရည်ညွှန်းပါတယ်။ ပြည်နယ်တွေ နဲ့ တိုင်းတွေကိုစုစည်း ထားတာမဟုတ်မှန်းသိသိနဲ့ မရိုးမသားလုပ်ကြရုံနဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှာမဟုတ်ပါဘူး"ဟုကျားခေါင်းပါတီပြောရေးဆိုခွင့်ရှိသူ စိုင်းလိတ်ကပြောသည်။


ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အဲန်အယ်ဒီအစိုးရသည် လာမည့်မေလ ၂၄ ရက်မှ ၂၈ ရက်နေ့အထိ ၅ ရက်တိုင်တိုင် နေပြည်တော်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံညီလာခံ ဒုတိယအကြိမ် ညီလာခံ ကျင်းပဖို့ ရှိနေပါသည်။

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း၁၀ ပုဒ်မ ၂၀၂ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှ ဆယ်နှစ်အတွင်းခွဲထွက်နိုင်သော အခွင့်အရေးကိုအသုံးမပြုရ ဟု ပါရှိသည်။ ဆိုလိုသည်မှာ ၁၀ နှစ်ပြည့်လျှင် ခွဲထွက်ပိုင်ခွင့်ရှိသည်၊ သို့သော် ပြည်နယ်ကောင်စီရှိအမတ်စုစုပေါင်း သုံးပုံနှစ်ပုံ အောက်မလျော့သော အမတ်များ၏ ထောက်ခံမဲပေးခြင်းဖြင့် အတည်ပြုရမည်ဟု ထည့်သွင်းရေးဆွဲထားသည်။

# လေမြို့မြစ် ရေအားလျှပ်စစ်စီမံကိန်းအကောင်ထည်ဖော်မည်ကို ဒေသခံများစိုးရိမ်နေကြ

ခိုနူမ်းသုန်သတင်း၊ ၁၈ မေ ၂၀၁၇

ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်လေမြို့(Lemro)မြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်၍ရမရ ပြင်သစ်ကုမ္ပဏီတစ်ခုမှဖြစ်နိုင်ခြေဆန်းစစ်မှုများပြုလုပ်နေသည့်အပေါ် ဒေသခံပြည်သူများ စိုးရိမ်မကင်းဖြစ်နေကြသည်ဟု သိရသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီးလေမြို့မြစ်အောက်ပိုင်းနှင့်မြစ်ဖျားပိုင်းသေတွင်တည်ရှိသော ကျေးရွာပေါင်း(၃၃)ရွာမှဒေသခံပြည်သူ (၁၅၇) ဦးတို့သည် ပလက်ဝမြို့နယ်ကိုဖေရှေကျေးရွာတွင် မေလ ၁၂ မှ ၁၄ ရက်နေ့အထိ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အကယ်၍ စီမံကိန်းအကောင်ထည်ဖော်လာပါက လေမြို့မြစ်ကို အဓိကမှီခိုအားထားနေကြသောဒိုင်နှင့် လေးတူချင်းမျိုးနွယ်စုများ၏ အသက်မွေးဝမ်းကျောင်းထိခိုက်လာနိုင်သည်ဟုပလက်ဝမြို့နယ်ဖုန်လောင်ဒေသ သဘာဝထိန်းသိမ်းရေးအဖွဲ့မှဦးဘူးလွင်ထန်းကပြောပါတယ်။




"အပေါ်မှာလည်း ကျေးရွာပြောင်းရွှေ့ရမယ် အောက်ဘက်မှာလည်း ကျေးရွာတွေအကုန်ပြောင်းရွှေ့ရမယ် အဲဒါမှီခိုပြီးမှ ကျနော်တို့စားသောက်ကြတာလေ သစ်၊ ဝါးတွေကို မှီခိုပြီးမှ ကျနော်တို့စားသောက်ကြတာလေ ကာလိုက်တာနဲ့သစ်ဝါးတွေလည်း ချလို့မရတော့ဘူး နေရာတွေလည်း ပြောင်းရွှေ့ရတော့မယ် ကိုင်တွေ၊ ကွန်းတွေ၊ မြေနုကျွန်းတွေ မှီခိုပြီးစားသောက်နေတဲ့အခါကျတော့ အဲဒီဟာတွေ လက်လွှတ်ဆုံးရှုံးရမှာဆိုတော့ ကျနော်တို့အခြေအနေက တအားဆိုးသွားမှာပေါ့ ဟု "ကပြောသည်။ လျှပ်စစ်မီးမီဂါဝပ် ၆၀၀ ကျော် ထုတ်လုပ်နိုင်မည်ဟုယူဆရသောလေမြို့မြစ်ရေအားလျှပ်စစ်စီမံကိန်း ဖြစ်နိုင်ခြေရှိမရှိကိုလွန်ခဲ့သည့် နှစ်လခန့်က စပြီးပြင်သစ်ကုမ္ပဏီတစ်ခုက feasibility အကိုပဟုခေါ်သောဖြစ်နိုင်ခြေရှိမရှိလေ့လာဆန်းစစ်မှုပြုလုပ်နေသည့်အပေါ် ဒေသခံပြည်သူများကစိုးရိမ်မကင်းဖြစ်နေကြခြင်းဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ချင်းပြည်နယ် လျှပ်စစ်ဝန်ကြီးဆလိုင်းအိုက်ဇက်ခင်ကစီမံကိန်းလုပ်လို့ရမရဖြစ်နိုင် ခြေရှိမရှိ လေ့လာဆန်းစစ်သည့် အခြေအနေသာဖြစ်ပြီး အစိုးရအနေဖြင့် အကောင်ထည်ဖော်မည်မဖော်မည်ကို မဆုံးဖြတ်ရသေးကြောင်းပြောဆိုသည်။

"ခုပြင်သစ်ကုမ္ပဏီတစ်ခုနဲ့ လုပ်ခိုင်းတယ်လေ့လာမှုပြီးသွားတဲ့အခါမှ သူတို့က ဟုတ်တယ်လုပ်လို့ရနိုင်ပါတယ်ဆို တဲ့အခါကျတော့မှ ကျနော်–တို့က ဘာထပ်လုပ်ရမ လဲဆိုလို့ရှိရင် EIASIA တွေထပ်လုပ်ရမယ် အဲလိုလုပ်တဲ့အခါမှာလည်းဘဲအဲဒီချိန်မှာလူထုကို အသိပေးတာတို့ရှင်းပြတာတို့လုပ်တော့မယ် ဒါကအနည်းဆုံးတစ်နှစ်လောက်လို့သေးတယ်အဲဒီချိန်ကျရင် ထိခိုက်မှုတွေ ထွက်လာလိုက်မယ် ပတ်ဝန်းကျင်ထိခိုက်မှုတွေ လူမှုဘဝထိခိုက်မှုတွေ အစီရင်ခံစာတွေထွက်လာဦးမယ် အဲဒီအစီစဉ်ခံစာထွက်ပြီးတဲ့အခါကျတော့မှ ဆုံးဖြတ်မှာဒါဆိုလို့ရှိရင်ငါတို့လုပ်သင့်သလားမလုပ်သင့်ဘူးလား တကယ့်တကယ် အဆင့်က လုပ်သင့်မလုပ်သင့်ဆုံးဖြတ်ဖို့ကနောက်ထပ်နှစ်ဆင့်တောင်မှကျန်သေးတယ် ကျနော်တို့အစိုးရကိုယ်တိုင်တောင်မှ လုပ်ရမလားမလုပ်ရဘူးလားဆိုတာ ခုထိမဆုံးဖြတ်နိုင်သေးဘူးဟု ဝန်ကြီးကပြောသည်။

လေမြို့မြစ်တစ်လျှောက်သည် ချင်းမျိုးနွယ်များဖြစ်သည့်ဒိုင်နှင့်လေးတူမျိုးနွယ်စုများအများစုနေထိုင်ကြသည့် နေရာဖြစ်ပြီး ရခိုင်ပြည်နယ်ဘက်တွင် နေထိုင်ကြသည့် လေးတူများအပါအဝင် လူဦးရေ၂သောင်းနီးပါးခန့်ရှိကြသည်ဟု သိရသည်။ အကယ်၍စီမံကိန်းအကောင်ထည်ဖော်ဆောင်ပါက ဒိုင်နှင့် လေးတူလူမျိုးများအား ပပျောက်စေနိုင်ပြီးအဆိုပါစီမံကိန်းအား ဒေသခံလူထုအင်

# မီးလောင်သွားသောတီးတိန် စည်ပင်ဈေးအားအစိုးရမှယာယီဈေး ပြန်လည်တည်ဆောက်ပေးမည်ဟုဆို

၆ မေ ၂၀၁၇

ချင်းပြည်နယ် တီးတိန်မြို့ လွယ်ဘွာလ်ရပ်ကွက်ရှိစည်ပင်ဈေးသည် မေလ ၅ ရက်၂၀၁၇ခုနှစ်၊ ည(၉)နာရီဝန်းကျင်တွင် မီးလောင်မှု ဖြစ်ပွားခဲ့ရာ ဆိုင်ခန်း(၂၂)ခန်းအနက်၊(၁၃)ခန်းပျက်ဆီးဆုံးရှုံးခဲ့ကြောင်းသိရသည်။

အဆိုပါမီးလောင်မှုကြောင့် ပျက်ဆီးသွားသော ဆိုင်ခန်းများနှင့် ပါတ်သက်ပြီး မြို့နယ်စည်ပင် ဥက္ကဌ အမှုဆောင်အရာရှိများနှင့်ဈေးသူဈေးသားများတွေ့ဆုံကြမည်ဖြစ်ကြောင်းနှင့် ဈေးသူဈေးသားများအတွက်အဆင်ပြေမည့် ယာယီဈေးအမြန်ဆုံးပြန်လည်တည်ဆောက်ပေးသွားမည်ဟုချင်းပြည်နယ်စည်ပင်ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်ထံမှသိရသည်။

"တီးတိန်မြို့ စည်ပင်ဈေး မီးလောင်မှုကြောင့် ဆိုင်ခန်း (၂၂)ခန်း ရှိတဲ့အနက် (၁၃)ခန်း ပျက်ဆီးသွားတယ်လို့သိရတယ်။ကျန်တဲ့ဆိုင်ခန်းတွေလည်းအနည်းအကျဉ်းပျက်ဆီးသွားတာမို့လို့ ချင်းပြည်နယ်စည်ပင် အနေနဲ့ ယာယီဈေး ပြန်လည်တည်ဆောက်ပေးသွားမှာပါ၊ မြို့နယ်စည်ပင်ဥက္ကဌ အမှုဆောင်အရာရှိတွေနဲ့ဈေးသူ ဈေးသားတွေ အရင်ဆုံးတွေ့ကြမှာ ဖြစ်ပါတယ်၊ ပြီးတော့ လိုအပ်တာတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု ချင်းပြည်နယ် စည်ပင်ဝန်ကြီးကပြောသည်။ မီးလောင်မှုအား မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးမှဝန်ထမ်းများ၊မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခ.လ.ရ(၂၆၉) ခြေလျင်တပ်ရင်းမှ ဒုဗိုလ်မှူးကြီး နှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလုထုအင်အားစုစုပေါင်း (၅၀၀) ဦးခန့်မှ ဝိုင်းဝန်းမီးငြိမ်းသတ်မှုများကြောင့်မီးငြိမ်းသတ်နိုင်ခဲ့သည်ဟုသိရသည်။ (CW)

# Young Zofa Organization of Myanmar အဖွဲ့မှပြန်လည်ပေါင်းစည်းညီညွတ်ခြင်းခေါင်းစဉ်ဖြင့် ကလေးမြို့တွင် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

၆ မေ ၂၀၁၇

ချင်း (ဇို) Zofate မျိုးနွယ်စုများအကြားစည်းလုံးညီညွတ်မှု ပိုမိုအားကောင်းလာစေရေးအတွက် Young Zofa Organization of Myanmar အဖွဲ့ကကြီးမှူးပြီးပြန်လည်ပေါင်းစည်းညီညွတ်ခြင်းခေါင်းစဉ်ဖြင့်တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ယခုလ ၅ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီးကလေးမြို့၊ တာဟန်းရပ်ကွက် မက်သဒစ် Chapel ခန်းမတွင် ကျင်းပခဲ့ကြသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့လရန်ကုန်၊မန္တလေး၊ ကလေးကဘော်နှင့်ရိဒ်ခေါဒါရ်မြို့တို့မှ စုစုပေါင်းလူဦးရေ၃၀၀ ခန့်တက်ရောက်ခဲ့ကြပြီး၊ Pu Sui Reng Liana@William Ph.Dမှ 'ချင်း(ဇိုမျိုးနွယ်များနှင့် စီးပွားရေး' PuVanlalthuamlanaBA:M.DivMA(UK) မှ "ပြန်လည်ပေါင်းစည်းရေးအတွက် ဘာသာတရားအရေးကြီးပုံ" နှင့် Pu F. lalbiakmawia က ' Political view' ဆိုသည့်ခေါင်းစဉ်ဖြင့်အသီးသီးစာတမ်းဖတ်ကြားခဲ့ကြသည် ဟုသိရသည်။ YZOM OuúX Pu Pachhunga u ကျနော်တို့တွေဟာစည်းလုံးမှုပိုင်းမှာ အားနည်းနေသေးတယ်၊ အခုချိန်ကစပြီး (Zofate) ချင်း(ဇို)မျိုးနွယ်စုတွေစည်းလုံးညီညွတ်ကြဖို့အချိန်ကျနေပြီ ဒါကြောင့်ခုလိုတွေ့ဆုံပွဲ တွေကို စီစဉ်ရတာဖြစ်ပါတယ်" ဟုပြောသည်။ ယင်းတွေ့ဆုံဆွေးနွေးပွဲတွင်ကလေးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ရှားမီးလည်း အထူးဧည့်သည် အနေဖြင့်တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။




# တစ်လခန့်ရပ်ဆိုင်းထားသောအိန္ဒိယ–မြန်မာ အမှတ် (၂) နယ်စပ်ကုန်သွယ်ရေး ပြန်လည်ဖွင့်လှစ်

၁၀ မေလ ၂၀၁၇။

ဇိုးခေါထား(အိန္ဒိယဘက်ခြမ်း) တွင်ကုန်တင်ကုန်ကျလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်နေ Monfhအဖွဲ့အစည်း၂ခုအကြားအငြင်းပွားမှု ပြဿနာကြောင့် တစ်လခန့် ခေတ္တရပ်ဆိုင်းထားသော အိန္ဒိယ–မြန်မာအမှတ်(၂နယ်စပ်ကုန်သွယ်ရေးကို မီဇိုရမ်ပြည်နယ် ကျန်ဖိုင်းခရိုင်တရားသူကြီးကမေလ ၈ ရက်နေ့ကစပြီး ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကျန်ဖိုင်းခရိုင် တရားသူကြီးနဲ့အတူ ဇိုးခေါထား VCPကုန်တင်ကုန်ချလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အစည်းများနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယခုလို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသထုတ်သတင်းစာတွင် ဖော်ပြသည်။ အိန္ဒိယ–မြန်မာ အမှတ် (၂) နယ်စပ်ကုန်သွယ်ရေးကို မီဇိုရမ်အစိုးရဘက်မှ တစ်လခန့် ရပ်ဆိုင်းခဲ့သည့်အတွက် မြန်မာပြည်မှတင်သွင်းလာသော ကုန်ပစ္စည်းများ မြန်မာပြည်ဘက်ခြမ်းတွင် များစွာသောင်တင်နေ ကြောင်း သိရပြီ ယခုလို ပြန်လည်ဖွင့်လှစ်လိုက်သည့်အတွက် ပုံမှန်ပြန်လည် တင်သွင်းနိုင်တော့မည်ဖြစ်သည်။ ယခုလို ကုန်သွယ်ရေးပြန်လည်ဖွင့်လှစ်လိုက်သည့်အတွက် အလုပ်လက်မဲ့ဖြစ်နေသော ကူလီထမ်းတဲ့ အလုပ်သမားများ ပုံမှန်လုပ်ငန်းရှိလာကြလာမည် ဖြစ်ပြီး ကုန်သည်များလည်း လုပ်ငန်းပြန်လည်လည်ပတ်နိုင်တော့မည်ဖြစ်သည်။ အိန္ဒိယ–မြန်မာအမှတ်(၂) နယ်စပ်ကုန်သွယ်ရေးစခန်း အခြေစိုက်ရာ ဇိုခေါထာ (အိန္ဒိယဘက်ခြမ်း)တွင် ကုန်တင်ကုန်ကျလုပ်ငန်းကိုတာဝန်ယူဆောင်ရွက် နေကြသည့် အဖွဲ့အစည်း (၂) ခုအကြားအငြင်းပွားမှုပြဿနာကြောင့် မီဇိုရမ်ပြည်နယ် ကျန်ဖိုင်းခရိုင် တရားသူကြီးက နယ်စပ်ဖြတ်ကျော်ပြီး ကုန်သွယ်ရေးလုပ်ငန်းလည်ပတ်မှုကို ပြီးခဲ့သည့် ဧပြီလ ၁၂ ရက်နေ့ကစပြီးခေတ္တရပ်ဆိုင်းရန် အမိန့်ထုတ်ပြန်ခဲ့သည်။အိန္ဒိယ–မြန်မာနယ်စပ်ကုန်သွယ်ရေးအခြေစိုက်ရာ ဇိုခေါထာ ကျေးရွာတွင်ကုန်တင်ကုန်ချလုပ်ငန်းနှင့် ပတ်သတ်ပြီး ဒေသခံအဖွဲ့အစည်းများ အကြား အငြင်းပွားမှုမကြာခဏဖြစ်ပွားလေ့ရှိယခုကဲ့သို့ပြည်နယ်အစိုးရမှနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကိုရပ်ဆိုင်းလေ့ရှိသည်။

# အိန္ဒိယ–မြန်မာအမှတ်(၂)နယ်စပ်ကုန်သွယ်ရေးမှ တဆင့်မှောင်ခိုတင်သွင်းသောတရားမဝင် ပစ္စည်းများ ဖမ်းဆီးရန် နှစ်နိုင်ငံပြည်သူများ ပူးပေါင်းလုပ်ဆောင်မည်

၆ မေလ ၂၀၁၇

အိန္ဒိယ–မြန်မာ အမှတ် (၂) နယ်စပ်ကုန်သွယ်ရေးမှတဆင့် မှောင်ခိုတင်သွင်းသော တရားမဝင် ပစ္စည်းများ ဖမ်းဆီးရန် နှင့် တီအိုချောင်း ထိန်းသိမ်းပြုစုစောင့်ရှောက်ရန် နှစ်နိုင်ငံပြည်သူများ ပူပေါင်းဆောင်ရွကသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အိန္ဒိယ–မြန်မာနယ်စပ်ရှိ ချင်းပြည်နယ်ဘက်မှ ကျေးရွာပေါင်း ၂၁ ရွာနှင့် မီဇိုရမ်ဘက်မှရွာပေါင်း၁၀ ရွာတို့ပြီးခဲ့သည့် မေလ ၁၀ ရက်နေ့ကချင်းအမျိုးသားတပ်ဦး CNF ဗဟိုဌာနချုပ် ဝိတိုရိယစခန်း၌ တွေ့ဆုံဆွေးနွေးခဲ့ပြီးအချက်(၅) ချက်ကို သဘောတူညီခဲ့ကြကြောင်းသတင်းစာတွင် ဖော်ပြသည်နယ်စပ်ဒေသကိုဖြတ်ကျော်ပြီး တရားမဝင် သယ်ဆောင်တင်သွင်းသော မူးယစ်ဆေးဝါး၊သားကောင်များနှင့်အခြားသော မှောင်ခိုပစ္စည်းများတင်သွင်းခြင်းနှင့် သယ်ဆောင်ခြင်းများကိုယင်းနယ်စပ်ဒေသရှိ တာဝန်ကျ ချင်းအမျိုးသား တပ်မတော် အနေဖြင့် ကြိုးစားဆောင်ရွက်ပေးရန် ယင်းကဲ့သို့ဖမ်းဆီးနိုင်ရေးအတွက် နှစ်နိုင်ငံပြည်သူများကလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။၎င်းအပြင် တီအိုချောင်းရှိ ရေနေသတ္တဝါနှင့် ကုန်းသတ္တဝါများထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းများကိုလည်း တားမြစ်သွားမည်ဖြစ်သည်။ အဆိုပါတားမြစ်သည့်အချက်ကိုချိုးဖောက်သူမှာ မြန်မာနိုင်ငံသားဖြစ်ပါက မီဇိုရမ်ရဲလက်ထဲအပ်နှံရန်၊ အကယ်၍ မီဇိုရမ်နိုင်ငံသားဖြစ်ပါကချင်းအမျိုးသားတပ်မတော်လက်ထဲအပ်နှံပြီး အနည်းဆုံး နှစ်ရက်ချုပ်နှောင်ထားမည်ဖြစ်သည်။ အိန္ဒိယ–မြန်မာအမှတ်(၂)ဂိတ်သည် တရားမဝင်မှောင်ခိုပစ္စည်းများ တင်သွင်း သယ်ဆောင်သည့်နေရာအဖြစ်အဓိကအသုံးပြုကြသည်။

# “ကိုယ်လုပ်တဲ့အလုပ် ကိုယ်သိဖို့ အရေးကြီးဆုံးပဲ”
# ချင်းအဆိုတော် Israel Vsl နှင့်တွေ့ဆုံခြင်း

အချင်းလူငယ်တွေအကြားကျယ်ကျယ်ပြန့်ပြန့်ရေပန်းစားလာတဲ့ ချင်းမျိုးဆက်သစ်လူငယ် အဆိုရှင်တစ်ဦးရှိပါတယ်။ သူကတော့ အသက် ၂၇ နှစ်အရွယ် Israel Van Sui Lianလို့ခေါ်တဲ့ Israel Vslဘဲဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက ဂီတကို ဝါသနာပါခဲ့တဲ့ Israel ဟာ ၂၀၀၈ ခုနှစ်ကပြီး ဂီတလောကထဲကို ထဲထဲဝင်ဝင်နဲ့ စတင်ဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ယခုချိန်ထိတော့ တေးအလ်ဘမ် (၂) ခွေထုတ်ဝေထားပြီး ပရိတ်သတ်အားပေးမှုလည်း အတိုင်းအတာတစ်ခုထိ ရနေတဲ့သူပါ။ ဂီတလောကထဲကိုသူဘယ်လိုရောက်ရှိ လာတာလဲ၊ ယခုအခြေအနေကိုရောက်ဖို့ ဘယ်လိုမျိုးဖြတ်သန်းခဲ့ရသလဲ၊ စတဲ့စိတ်ဝင်စားစရာကောင်းတဲ့ သူ့အကြောင်းတွေသိရှိနိုင်ဖို့ Israel Van Sui Lian ကို ခိုနူမ်းသုန်သတင်းဌာနမှ သတင်းထောက် Lalnuna ကတွေ့ဆုံမေးမြန်းထားပါတယ်။

မေး။ ။ဂီတလောကထဲကိုဘယ်လိုနဲ့စတင်ဝင်ရောက်ခဲ့တာလဲ။

ဖြေ။ ။ ကျတော်က (၂) တန်းကတည်းကနေဂီတာတီးခဲ့တယ် တီးတော့မတီးတတ်သေးဘူး ၂ တန်းဆိုတော့ လူကလည်း သေးတာပေါ့ ဂီတာလည်း မနိုင်ဘူးပေါင်ပေါ်မှာတောင်မတင်နိုင်ဘူး ဒါမယ့် အကိုတွေဆီမှာ နည်းနည်းလိုက်သင်တယ် ပြီးတော့သူများတီးတာအသံကြားပြီးဆိုရင် သွားပြေးကြည့်တာပဲ။ သူဘာလုပ်သူလက်အဲလိုလှုပ်တယ် ဒီလိုခတ်တယ်အော်....မှတ်ထားတယ် တကွက်လောက်ကိုသေချာမှတ်ထားတယ်အဲလိုလေးနဲ့လေ့လာပြီးတော့၄ တန်းလောက်ကျတော့ကောင်းကောင်းတီးနိုင်တယ် ဒီလိုရိုးရိုးသီချင်းလေးတွေကိုကိုယ်တိုင်လည်းဆိုနိုင်တယ်။အဲနောက်ပိုင်းတော့တောက်လျှောက်ပဲ။ ဂီတာလေးဝယ်တယ် ကိုယ့်ဟာကိုအိမ်မှာတီးတယ်၊ ဆိုတယ်။ အဲဒီကနေဝင်လာဖြစ်တယ် ကျတော်ကိုယ်တိုင်ကကြိုက်လို့၊ မြတ်နိုးလို့၊ ဒီလိုနဲ့ ၁၀ တန်းအောင်ပြီး ကျမ်းစာကျောင်းတက်ရင်း အခွေထုတ်တယ်၊ အဲဒီတုန်းကကျနော်အသက်က ၁၇ နှစ်ပါ။ ကျနော့်သူငယ်ချင်းဆလိုင်း Mazawm ဆိုတာရှိတယ် ကျနော့်ကိုအမြဲအားပေးတယ်၊ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိပါ၊ နင်ဒီလောက်ဂီတကို ချစ်မြတ်နိုးတာလုပ်ပါဆိုပြီးကျနောကိုအမြဲအားပေးတယ် ကျနော့်ကိုအဓိက လမ်းပြပေးသူတစ်ဦးလည်းဖြစ်တယ်ဒီလိုနဲ့ကျနော်ဒီအနုပညာလောကထဲကို ဝင်ရောက်လာတာပါ။

မေး။ ။အကိုယ့်ရဲ့မိဘဆွေမျိုးအသိုင်းအဝန်းမှာရော ဂီတသမားတွေရှိလား။

ဖြေ။ ။ အကိုတို့သိမလားမသိဘူး Richard Za Hleih Lalသူ့သီချင်း ဒီဘက်ပိုင်းမှာခေတ်စားလာတယ် "Setan A Dawi" ဆိုတာလေ။သူက ၁၉၇၅–၇၈ အဲတုန်းက မြန်မာနိုင်ငံမှာ Studio ၃ ခုလောက်ပဲရှိသေးတယ် မန္တလေးမှာသူခွေထုတ်ခဲ့တယ်။ သူကကျနော့်ဦးလေးတော်ပါတယ်။ အဖေကရွာမှာဂီတာတီးအကျွမ်းဆုံးအမေကျတော့ရွာမှာအသံအကောင်းဆုံး အဲလိုမျိုးပေါ့။

မေး။ ။ တေးအလ်ဘမ် ၂ ခုထုတ် ပြီကြားတယ်၊ အကိုရဲ့ အလ်ဘမ်အကြောင်းလေးလည်းပြောပြပါဦး

ဖြေ။ ။အလ်ဘမ် (၂)ခုရှိပြီ၊ ၂ စီးရီရှိပြီပေါ့၊ ၂၀၀၉ တုန်းက ပထမခွေ၊ ၂၀၁၅ မှာဒုတိယခွေ ပထမအလ်ဘမ်နာမည်က ချင်းလိုဆိုရင် Ka Ziang Kim ချင်းအလ်ဘမ်ပဲဆိုတော့လေ၊ Ka Ziang Kim ဆိုတာဗမာလိုဆိုရင်အရာခမ်းသိမ်းပေါ့၊ ဒုတိယအလ်ဘမ်ကတော့ DMC ဆိုပြီးပေးထားတယ် ဒီမိုကရေစီပေါ့။ သူ့ Long form က၊ နိုင်ငံရေးနည်းနည်းပါတယ်။မြန်မာနိုင်ငံရဲ့အပြောင်းအလဲကိုလည်း အသိမှတ်ပြုတဲ့အနေနဲ့ အဲဒါတွေကိုရည်စူးပြီးတော့။



မေး။ ။အလ်ဘမ်ထုတ်တော့ပရိတ်သတ်ရဲ့အားးပေးမှုနဲ့ရောင်းအားခြေအနေလေးကဘယ်လိုရှိလဲ။

ဖြေ။ ။အားလုံးကတော့အားမပေးပေမယ့်ကြိုက်တဲ့သူရှိမယ်မကြိုက်တဲ့သူရှိမယ်။ အဲဒီထဲမှာမှ ကြိုက်တဲ့သူ တချို့တလေလက်တစ်ဆုပ်စာဖြစ်ဖြစ်အဲလိုလေးရှိတဲ့တွက်ပီတိလည်းဖြစ်မိတယ်၊ ဝမ်းလည်းသာတယ်။ရောင်းအားအခြေနေကတော့ကျတော်ကချင်းအခွေလေးဆိုတော့ လူဦးရေကလည်းနည်းတယ်လေ။အဲဒီလူဦးရေနည်းတဲ့အထဲမှာမှ စကားမတူတာလေးတွေလည်းရှိသေးတော့ရောင်းအားအခြေနေမှာတော့ အဲလောက်ကြီးပြောစရာမရှိဘူး။ အားရစရာမရှိဘူး။ ပြည်ပမှာတော့ ဒေါ်လာနဲ့သွားတော့ ဒီပြန်ရောက်တော့ငွေပြန်လဲ့နှုန်းနဲ့ဆိုရင် တခွေကို (၁၀) ဒေါ်လာလောက်နဲ့ရောင်းရရင် ဒီမှာငွေလဲ့နှုန်းနဲ့ဆိုရင် တစ်သောင်းလောက်ကျသွားတာပေါ့ ပြည်ပရောင်းရတဲ့ ဥစ္စာတွေကျတော့ အတင်ကျန်လေးတွေရှိတယ်။ ပြောစရာလေးတွေရှိတာပေါ့နော်။

မေး။ ။ဆိုတော့ကျနော်တို့ချင်းမှာက လူဦးရေကလည်းနည်းတဲ့အပြင် စကားတွေကလည်းမတူ ́တော့လေ၊ခွေထုတ်ရင်ရောင်းအားတွေကလည်း အားရစရာသိပ်မရှိဘူးဆိုတော့လေ၊ အဆိုတော်အလုပ်နဲ့အသက်မွေးဝမ်းကျောင်းလို့အဆင်ပြေလား။

ဖြေ။ ။ချင်းအခြေအနေနဲ့ပြောမယ်ဆိုရင်ဂီတနဲ့အသက်မွေးဝမ်းကျောင်းဖို့ဆိုတာ ခုအခြေအနေမှာမလွယ်ကူသေးပါဘူး။ ခုနကပြောသလိုပေါ့ လူဦးရေကလည်း နည်းတယ်၊ နည်းတဲ့အပြင်ကို စကားကလည်းမတူကြဘူးလေ၊အသက်မွေးဝမ်းကျောင်းဖို့အတွက်ဆိုရင် ဗမာသီချင်းထုတ်ပြီး တစ်နိုင်ငံလုံးဖြန့်ချီမယ်ဆိုရင်ပိုအဆင်ပြေလာနိုင်တာပေါ့ ။ခုခြေနေကဈေးကွက်ကအရမ်းသေးနေတော့လေ။

မေး။ ။တေးအယ်ဘမ်တစ်ခုထုတ်နိုင်ဖို့ဖြတ်သန်းလာခဲ့တဲ့ အခက်အခဲစိန်ခေါ်မှုတွေပြောပါဦး။

ဖြေ။ ။ပထမဦးဆုံးကတော့အတွေ့ကြုံလုံးဝမရှိတာရယ် အသက်ငယ်တာရယ် နောက်အချက်ကတော့လူအားလုံးနီးပါးလို့ထင်ပါတယ်။ငွေရေးကြေးရေးပေါ့နော်။ ထောက်ပံ့တဲ့သူလည်းမရှိဘူး။ ကိုယ့်ဟာနဲ့ကိုယ်အိမ်ကိုတောင်အသိမပေးရဲဘူး။ တိတ်တခိုးလေးနဲ့လုပ်ခဲ့တာကျောင်းတက်ရင်းအဲဒါတွေကအဓိကပါပဲ။

မေ။ ။လတ်တလောလှုပ်ရှားမှုအခြေအနေလေးပြောပြပါဦး။

ဖြေ။ ။ဟုတ်ကဲ့ ခုလက်တလောက ဗမာခွေလေးလုပ်နေတယ် နည်းနည်းကြာနေပြီ တစ်နှစ်ခွဲလောက်နီးပါးရှိပြီကြားထဲမှာ ကျတော်ခရီးသွားနေတာနဲ့ ခုတော့ Body ပြီးသွားပြီ အဲဒီအခွေထဲမှာ သီချင်း ၁၁ပုဒ်ထည့်ထားတယ် ၁၀ ပုဒ်ကျတော့ဒီ Drum နဲ့အစုံသွားမယ် တပုဒ်တည်းကျတော့ဆယ်လိုနဲ့အော်ချယ်စတာလေးတွေနဲ့ Pianoအဲလိုသွားမယ်။ကျတော်တို့ခန့်မှန်းတာတော့ဒီနှစ်ကုန်လောက်တော့ခန့်မှန်းထားတယ်အခြေနေကဘယ်လိုလာမလဲတော့မသိဘူးကျတော်တို့ခရစ်ယာန်အယူအရဘုရားအလိုတော်ရှိရင်ပေါ့။

မေး။ ။ဂီတလောကမှာ Band Mode နှင့် Singal Modeဘယ်ဟာပိုကြိုက်လဲ။

ဖြေ။ ။ ကျတော်က Band Mode ကြိုက်တယ်။ ကျတော် Rockနည်းနည်းကြိုက်တော့ Rockဘက်အားသန်တော့ Bank Mode ကောင်းကောင်းလေးရိုက်ထားတာလေးတွေဆိုရင် အင်မတန်ကြည့်လို့ကောင်းတယ်။


မေး။ ။ ဘယ်လိုသီချင်းအမျိုးစားတွေနားထောင်ဖြစ်လဲ။

စာ–၈

# အမေရိကရဲ့အသက်အငယ်ဆုံး ဘီလျံနာနဲ့ လက်ထပ်တော့မယ့် မီရန်ဒါကားရ်

Duwun

မင်္ဂလာပွဲကျင်းပဖို့ စီစဉ်နေပြီ လို့ဆိုပါတယ်။စူပါမော်ဒယ် မီရန်ဒါကားရ်နဲ့ Snapchat တည်ထောင်သူအီဗန်စပီးဂဲလ်တို့ဟာစေ့စပ်လိုက်ပြီဖြစ်ကြောင်း ကြေညာပြီး ၉ လ ကြာမှာ လက်ထပ်ဖို့ စီစဉ်လိုက်တာ ဖြစ်ပါတယ်။ သတင်းပေးတစ်ဦးရဲ့ ပြောပြချက်အရ သူတို့နှစ်ယောက် လက်ထပ်မယ်နေ့ရက်က



ရက်ပိုင်းအတွင်းတောင်ဖြစ်လာနိုင်ခြေ ရှိပါတယ်။ အသက်၃၄ နှစ်အရွယ် Victoria’s Secret မော်ဒယ်မီရန်ဒါရဲ့မိသားစုက ဩစတြေးလျကနေ သူတို့စုံတွဲနေထိုင်တဲ့ လော့ဆန်းဂျလိစ်ကို လေယာဉ်နဲ့ ထွက်ခွာသွားပြီလို့တောင် US Magazine မှာဖော်ပြထားပါတယ်။မီရန်ဒါကားရ်ဟာ ဟောလိဝုဒ်မင်းသားအော်လန်ဒိုဘလွန်းနဲ့ လက်ထပ်ခဲ့ဖူးပြီး ၆ နှစ်အတွင် ဖလင်းဆိုတဲ့ သားလေးတစ်ယောက်လည်း ရှိပါတယ်။ မီရန်ဒါနဲ့ အော်လန်ဒဟို ဟာ ၂၀၁၀ ပြည့်နှစ်မှာ လက်ထပ်ခဲ့ ကြတာဖြစ်ပြီး ၂၀၁၃ ခုနှစ်မှာ လမ်းခွဲ ပြတ်စဲခဲ့ကြတာ ဖြစ်ပါတယ်။ အခု မီရန်ဒါနဲ့ လက်ထပ်မယ့်အသက် ၂၆ နှစ် အရွယ် အီဗန်ဟာ အမေရိကရဲ့ အသက် အငယ်ဆုံး ဘီလျံနာလည်းဖြစ်ပါတယ်။ သူတည်ထောင်တဲ့ Snapchat ရဲ့စတော့ ရှယ်ယာဈေးကျဆင်းမှုကြောင့်ဒီတစ်ပတ် အတွင်းမှာ ဒေါ်လာ ၁ ဘီလျံလောက်ဆုံးရှုံး ခဲ့ရပေမဲ့သူ့ရဲ့အသားတင်ချမ်းသာကြွယ်ဝ မှုက ဒေါ်လာ ၄ ဘီလျံရှိပါတယ်။

# ဖုန်း ကို တစ်ညလုံး ပလပ်ထိုးထားရင် ဘာဖြစ်နိုင်လဲ

တစ်ညလုံး ပလပ်ထိုးထားလို့တော့ ဖုန်းကို ကြီးကြီးမားမားထိခိုက်ပျက်စီး စရာအကြောင်းမရှိပါဘူး။နောက်ထွက် လာတဲ့စမတ်ဖုန်းတွေကသိပ်ကောင်းတယ်။ အားပြည့်သွားပြီဆိုတာနဲ့ ဓာတ်အား ဝင်နေတာကိုအလိုလျောက် ဖြတ်ချ လိုက်တယ်။ အဲဒီလိုဆိုတော့ အားပိုသွင်း မိပြီး ဖုန်းပူလာတာမျိုးလည်းမဖြစ်တော့ဘူး။ ဟုတ်တော့ဟုတ်ပါပြီ။ဒါပေမဲ့ဖုန်းကို တစ်ညလုံးပလပ်ထိုး အားသွင်းထားရင် ဘက်ထရီ သက်တမ်း တိုတတ်တယ် ဆိုတာကော ဟုတ်လား။Lithium-ion ဘက်ထရီတွေက အပူဒဏ်ကိုတော့သိပ် မခံနိုင်ဘူး။ ဖုန်းကို ကာဗာစွပ်တာရင် အပူမထွက် တာကြောင့် ဖုန်းဟာ ပူလာ တာမျိုး ဖြစ်တတ်တယ်။ အဲဒီလိုမျိုး



ဘက်ထရီပူလာပြီ ဆိုရင် ဘက်ထရီ ဆဲလ်တွေ ပျက်စီးတတ်တယ်။ အဲဒီလို ပျက်စီးရင် ဘက်ထရီ အလုပ်လုပ် နိုင်စွမ်းကျဆင်းပြီးဘက်ထရီသက်တမ်း တိုတတ်တယ်။ ဒါပေမဲ့ ကာဗာ မစွပ်ဘဲ ပုံမှန်အတိုင်းထားတဲ့ ဖုန်းတွေ ကတော့ ပူလာရင်တောင်အပူထွက်နိုင်တဲ့အတွက် ဘက်ထရီ တအားပူလာတာမျိုး ဖြစ်ခဲ့ ပါတယ်ဖုန်းကာဗာစွပ်ထားတဲ့ လူတွေ အနေနဲ့ ညအိပ်ရင်ဖုန်းကို ပလပ်ထိုး အိပ်မယ်ဆိုရင် ကာဗာကိုဖြုတ်ထား ဖို့တော့ အကြံပြုလိုပါတယ်။ ဒါမှ ဖုန်းပူလာ ရင်တောင် အပူထွက်နိုင်တဲ့ အတွက် ဘက်ထရီတအား ပူတက်လာ တာမျိုးမဖြစ်တော့ဘူးပေါ့။ Lwin Pyin

# ဇနီးကို ကျွန်းတစ်ကျွန်း လက်ဆောင်ပေးမယ့် ဘက်ခမ်း



ဒေါ်လာ ၉ သန်းတန် ကျွန်းလို့ ဆိုပါတယ်။ဒေးဗစ်ဘက်ခမ်းဟာ ဗစ်တိုးရီးယားဘက်ခမ်းနဲ့တွေ့ဆုံခဲ့တာ နှစ် ၂၀ ပြည့်အမှတ်တရအဖြစ် ဒေါ်လာ ၉ သန်းတန် ကျွန်းတစ်ကျွန်း ဝယ်ပေးဖို့ အသက် ၄၂ နှစ်အရွယ် ဘောလုံးသမား ဟောင်းကြီးနဲ့ အသက် ၄၃ နှစ်အရွယ် Spice Girl အဆိုတော်ဟောင်းတို့ဟာ ၁၉၉၉ ခုနှစ်မှာ လက်ထပ်ခဲ့ကြတာ ဖြစ်ပါတယ်။သူတို့နှစ်ဦးတွေ့ဆုံခဲ့တာ နှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် ဒေါ်လာ ၉ သန်း ပေးဝယ်ဖို့ ပြင်ဆင် နေတယ်လို့ the Daily Star မှာဖော်ပြ ထားပါတယ်။ ဘက်ခမ်းဟာ ကျွန်း ၃ ကျွန်းမှာ ဘယ်ကျွန်းကို ဝယ်ရမလဲ ဝေခွဲမရဖြစ်နေတယ်လို့လည်း ယင်း သတင်းဌာနက ဖော်ပြထားပါတယ်။ ဒါပေမဲ့ ဘဟားမားရဲ့မြို့တော် Nassau မြို့ရဲ့ South Berry ကျွန်းတွေထဲက ၂၅၀ ဧကရှိ Bird Cay ကျွန်းကိုဒေးဗစ်ဘက်ခမ်း တစ်ယောက် သဘောကျနေတယ်လို့ ယူဆရပါတယ်။ဗစ်တိုးရီးယားဟာ သူမရဲ့ခန္ဓာကိုယ်အလှအပေါ် ယုံကြည်မှု မရှိလို့ လူတွေများတဲ့ ကမ်းခြေမှာ ဘီကီနီဝတ်ရမှာမဝံ့တဲ့အတွက် အခုလို သီးသန့်ကျွန်းလေး ဝယ်ပေးတာ သူမ အတွက်တကယ်ကောင်းတဲ့ လက်ဆောင် ပါပဲလို့လည်း သတင်းပေးက ဆိုထား ပါတယ်။ ပေါင် သန်း ၅၀၀ ကျော် (ဒေါ်လာ ၆၄၅ သန်းခန့်) ပိုင်ဆိုင်တဲ့ ဘက်ခမ်းမိသားစုအတွက် ဒေါ်လာ ၉ သန်းဆိုတာတော့ သိပ်ပြီးမပြော ပလောက်ဘူး ထင်ပါတယ်။ Duwun

# ဗြိတိန်မင်းသားတစ်လက်နဲ့ တိတ်တဆိတ် တွဲနေတဲ့ တေလာဆွစ်



တေလာဆွစ်ဟာ ဗြိတိန်မင်းသား တွမ်ဟစ်ယ်စတန်နဲ့ကွဲပြီးနောက်ပိုင်း အချစ်ရေးနဲ့ ပတ်သက်ပြီး ဘာသံမှ မကြားပေမဲ့နောက်ထပ်ဗြိတိန်မင်းသား တစ်လက်နဲ့တိတ်တဆိတ်တွဲနေတယ်လို့ သိရပါတယ်တေလာဆွစ်ဟာ မင်းသား ဂျိုးအောဝင်း နဲ့ တွဲနေတာဖြစ်ပြီး သူတို့ ဇာတ်လမ်းကို လူသိမှာစိုးတဲ့အတွက် လန်ဒန်မြို့မှာရုပ်ဖျက်ပြီး လျှောက်ခဲ့ကြ တယ်လို့သိရပါတယ်။အသက် ၂၇ နှစ် အရွယ်အမေရိကန်အဆိုတော် တေလာဆွစ် နဲ့ အသက် ၂၆ နှစ်အရွယ် ဗြိတိန်သရုပ် ဆောင်မင်းသားတို့ဟာ အလေးအနက် ထားပြီးတွဲနေကြတာဖြစ်တယ်လို့ The Sun မှာ ဖော်ပြထားပါတယ်။ သူတို့နှစ်ယောက်တွဲနေတာ လအနည်း ငယ်တောင်ကြာနေပြီဆိုပဲ။ ဂျိုဟာ အခုထိ မိဘတွေနဲ့အတူနေထိုင်နေသူပါ။“တေလာ နဲ့ ဂျိုးတို့က အတည်တွဲနေကြတာပါ။ ဒါပေဲ့ တွမ်ဟစ်ဒယ်စတန်နဲ့ ကိစ္စ ဖြစ်ခဲ့ တဲ့အတွက် သူတို့ဇာတ်လမ်းကို လူမသိ အောင်ထားဖို့ ဆုံးဖြတ်ခဲ့ကြတယ်ခ လို့ သတင်းပေးတစ်ဦးက ပြောခဲ့ပါတယ်။ တေလာဟာ ဂျိုးနေထိုင်တဲ့ လန်ဒန် မှာအမြဲတွေ့လေ့ရှိတယ်လို့သိရပါတယ်။ တေလာဆွစ်နဲ့ ဒီဂျေ ကယ်ဗင်ဟားရစ် တို့ကလည်း ချစ်သူအဖြစ် ၁၅ လကြာ တွဲခဲ့ပြီးတဲ့နောက် ၂၀၁၆ ဇွန်လထဲမှာ သူတို့ရဲ့အချစ်ရေးကို အဆုံးသတ်ခဲ့ပါ တယ်ကယ်ဗင်ဟားရစ်နဲ့ ကွဲပြီးနှစ်ပတ် အကြာမှာ သူမဟာ အင်္ဂလိပ်မင်းသား တွမ်ဟစ်ဒယ်စတန်နဲ့ ပွေ့ဖက်ပုံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ နှစ်ဖက်မိဘ တွေအပြန်အလှန်တွေ့ဆုံတဲ့အပြင် ကမ္ဘာပတ် ပျော်ရွှင်ခဲ့ကြတဲ့ အရှိန်အဟုန်ပြင်းခဲ့တဲ့ သူတို့ရဲ့အချစ်ဇာတ်လမ်းဟာကောက်ရိုး မီးလိုပဲ မြန်မြန်ပဲအဆုံးသတ်သွားခဲ့ ပါတယ်။ ၂၀၁၆ ဇူလိုင်လမှာ စတင်ခဲ့တဲ့ သူတို့ဇာတ်လမ်းဟာ ၂၀၁၆ စက်တင်–ဘာလမှာပဲ ပြီးဆုံးသွားခဲ့ပါတယ်။

# သင့်ကလေးကိုအမြဲကျန်းမာစေမည့် ထိပ်တန်းအစာများ



မီမိုး (ဆေးဝါးတက္ကသိုလ်)

သင့်ကလေးကို ကျန်းမာရေးနဲ့ကျွေးဖို့ ဘယ်တော့မှစောလွန်းတယ်လို့မထင်ပါနဲ့။ မိသားစုထမင်းဝိုင်းမှာကလေးကိုဝင်ပါစေပြီး ဒီနေ့ကတင်ကာ သင့်ကလေးကို ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစာတွေ ကျွေးလိုက်ပါ။

## သစ်သီးဝလံ

ကလေးတွေက သစ်သီးတချို့ရဲ့အရသာနဲ့အရောင်ကြောင့် မစားချင်ကြပါဘူး။တကယ်တော့သစ်သီးတွေမှာ ဗီတာမင်၊သတ္တုဓာတ်နဲ့အမျှင်ဓာတ် ပါဝင်မှုများတဲ့အတွက်အစားသင့်ဆုံးသရေစာပါ။သစ်သီးခြောက်တွေကကျန်းမာရေးအတွက်သင့်တော်ပေမယ့် လတ်ဆတ်တဲ့သစ်သီးတွေကို မမှီပါဘူး။

## ဒိန်ခဲ

မြေပဲထောပတ်လိုပဲ ဒိန်ခဲကလည်းကလေးတွေအတွက်ကောင်းမွန်ပါတယ်။ ဒိန်ခဲမှာ ပရိုတင်းဓာတ်ပါဝင်တာကြောင့် ကြွက်သားတည်ဆောက်ရေးအတွက် လိုအပ်ပါတယ်။ ဒိန်ခဲမှာကယ်လ်ဆီယမ်သတ္တုဓာတ်လည်းပါဝင်တာကြောင့် အရိုးနဲ့သွားတွေကို သန်စွမ်းစေပါတယ်။

## ပြောင်းဖူးပေါက်ပေါက်

ကလေးအများစုက ပြောင်းဖူးပေါက်ပေါက်ကို သဘောကျကပါတယ်။သူတို့ကြိုက်တဲ့ ကာတွန်းကားကြည့်နေချိန်မှာကလေးတွေကပြောင်းဖူးပေါက်ပေါက် စားချင်ကြပါတယ်။ဒါပေမဲ့ ဆိုဒီယမ်၊သကြားနဲ့အရသာမှုန့်တွေပြည့်နှက်နေတဲ့ပြောင်းဖူးပေါက်ပေါက်ကို ရှောင်ပါ။ဟင်းသီးဟင်းရွက်များသင့်ကလေးက ဟင်းသီးဟင်းရွက်တွေကိုနှစ်ခြိုက်စွာစားတတ်စေဖို့ အရုပ်ပုံစံတွေဖော်ပြီးကျွေးပါ။

## ပဲသီး

ပဲသီးမှာ ပရိုတင်းဓာတ်နဲ့အမျှင်ဓာတ်ဆိုတဲ့ အာဟာရဓာတ်နှစ်မျိုး ပါဝင်တဲ့အတွက်ကြီးထွားဖွံ့ဖြိုးနေတဲ့ ကလေးတွေအတွက် အထူးသင့်တော်ပါတယ်။ ပဲသီး၊ပဲနီလေး၊ကုလားပဲစတာတွေမှာက ဗဖိုဟိုက်ဒရိတ်လည်းပါဝင်တာကြောင့် ကလေးတွေကို နေ့စဉ်နေ့တိုင်းတက်ကြွလန်းဆန်းစေပါတယ်။

## အခွံမာသီးနှင့်အစေ့အဆန်

သစ်သီးဝလံလိုပဲ အခွံမာသီးနဲ့ အစေ့အဆန်တွေမှာ ကြွက်သားသန်စွမ်းစေတဲ့ ပရိုတင်းဓာတ်နဲ့ အကျိုးပြုအဆီဓာတ်တွေပါဝင်ပါတယ်။

Duwun

# ဒါတွေဖြစ်နေရင် သင်စိတ်ဖိစီးမှုတွေများပြားနေတယ်

ဒါတွေဖြစ်နေရင်သင်စိတ်ဖိစီးမှုတွေ များပြားနေတယ်လိင်ပိုင်းဆိုင်ရာစိတ်တွေ လျော့ကျသွားပါတယ်။ စိတ်ဖိစီးမှုတွေရှိတဲ့အခါ မလုပ်ချင်မကိုင်ချင်စိတ်တွေဖြစ်လာပါတယ်။အလွယ်တကူနဲ့ ခန္ဓာကိုယ်က ပင်ပန်းနွမ်းနယ်တတ်ပါတယ်။ စိတ်ဖိစီးမှု ကြာရှည်ဖြစ်နေတဲ့လူတစ်ယောက်မှာ ဖြစ်ပေါ်လာတဲ့ လက္ခဏာတွေ ရှိပါတယ်။

### ၁–အားအင်ကုန်ခမ်းနွမ်းနယ်

ဦးနှောက်ဟာ cortisol သူ ဟော်မုန်းတွေကို သွေးကြောထဲ ထုတ်လုပ်ပြီး နှလုံးခုန်နှုန်းမြန်စေပါတယ်။ ဒီအခါ ဦးနှောက်ဟာ အောက်ဆီဂျင်ပိုမိုရရှိပြီး စိတ်ဖိစီးမှုကိုခန္ဓာကိုယ်က ကိုင်တွယ်နိုင်စေဖို့အတွက်အကူအညီဖြစ်ပါတယ်။ ဒါပေမယ့် မကြာခဏဖိစီးမှု ဖြစ်နေတဲ့အခါ သွေးကြောထဲ cristol ပို့မှုကို ဦးနှောက်က ကန့်သတ်လိုက်ပြီးအားအင်ကုန်ခမ်းနွမ်းနယ်မှုတွေဖြစ်ပေါ်လာပါတယ်။

### ၂–လိင်

ကာလရှည်ကြာ စိတ်ဖိစီးမှုဟာခန္ဓာကိုယ်ရဲ့အက်စထရိုဂျင်(estrogen)တွေထုတ်လုပ်မှုကိုသက်ရောက်ပါတယ်။ လိင်ပိုင်းဆိုင်ရာ စိတ်တွေ လျော့ကျသွားပါတယ်။စိတ်ဖိစီးမှုဖြစ်နေတဲ့အချိန်မှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေကို စားသောက်ပေးဖို့ လိုအပ်ပါတယ်။အာလူးကြော်ထုပ်လိုအသင့်စားအစားအစာတွေကိုရှောင်သင့်ပါတယ်။

### ၃–ဝမ်းချုပ်တယ်

ကာလရှည်ကြာ စိတ်ဖိစီးမှုဖြစ်နေတဲ့အခါသိုင်းရွိုက်ဂလင်းတွေကထုတ်တဲ့ ဟော်မုန်းတွေကိုကိုလည်း သက်ရောက်မှု ရှိပါတယ်။ အဆိုပါ ဟော်မုန်းတွေက ခန္ဓာကိုယ်ရဲ့ ဇီဝဖြစ်စဉ်ကို ပုံမှန်အလုပ်လုပ်စေတာဖြစ်ပြီး သက်ရောက်မှုရှိလာတာကြောင့် ဝမ်းချုပ်တာတွေ ဖြစ်ပေါ်လာပါတယ်။ ဒီလိုမျိုး ဖြစ်လာတဲ့အခါ ရေများများသောက်ဖို့ နဲ့ လှုပ်ရှားမှု များများရှိဖို့ အရေးကြီးပါတယ်။

### ၄–ဝက်ခြံနဲ့ဖု

စိတ်ဖိစီးတဲ့အခါ အန်ဒရိုင်ဂျန်စ် (androgens)လို့ခေါ်တဲ့ ဟော်မုန်း မြင့်တက်လာပြီး ဝက်ခြံတွေဖြစ်ပါတယ်။ တချို့က အရေပြားမှာအကွက်တွေဖြစ်တာမျိုးထိ ရှိပါတယ်။ ကိုယ်ခံအားစနစ်ကိုစိုးရိမ်မှုက ကသောင်းကနင်းဖြစ်အောင်လုပ်နေတာပါ။ eczemaတွေဟာ အရေပြားပိုးဝင်တာမျိုးဖြစ်ပွားစေပါတယ်။

### ၅–မမှတ်မိဘူး



မှတ်မိသင့်တဲ့ တစ်စုံတစ်ရာကိုမမှတ်မိတာမျိုးလည်း ဖြစ်တတ်ပါတယ်။ သင့်အသက်အန္တရယ်ကို ချိန်းခြောက်တာလို မျိုးကြီးမားတဲ့ ချိန်းခြောက်မှုကိုရင်ဆိုင်ရတဲ့အခါမျိုးမှာ စိတ်ဖိစီးမှုကဖြစ်ပေါ်လာပြီး ဦးနှောက်ရဲ့ hipoocampus ဆိုတဲ့နေရာကို သက်ရောက်ပါတယ်။ အဆိုပါနေရာဟာ မှတ်ညဏ်တွေကို သိုလှောင်ထားရာ နေရာဖြစ်ပါတယ်။

Duwun

# ရင်သားကင်ဆာကို စောစီးစွာသိရှိနိုင်မယ့် ဘရာတစ်မျိုး ဆယ်ကျော်သက်တစ်ဦးမှတီထွင်

ဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ရရှိခဲ့ပါတယ်။မက္ကဆီကိုမှ ကောလိပ်ကျောင်းသားတစ်ဦးဟာ မိခင်ဖြစ်သူ ရင်သားကင်ဆာဖြစ်ခဲ့တာကို တွေ့ကြုံခဲ့ပြီးနောက် ဒီရောဂါကို ဆောလျင်စွာ သိရှိနိုင်အောင် အကူအညီပေးသွားဖို့နည်းပညာစနစ်သုံးဘရာစီယာတစ်ထည်ကို ဒီဇိုင်းထုတ်ခဲ့ပါတယ်။ အသက် ၁၈ နှစ်အရွယ် အင်ဂျင်နီယာကျောင်းသား ဂျူလီယန် ရီယို့စ် ကန်တူရဲ့မိခင်ဟာ ရင်သားကင်ဆာကြောင့် ရင်သားနှစ်ခုစလုံး ဖြတ်တောက်ပစ်ရခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ရင်သားကင်ဆာဟာအချိန်မီသိရှိကုသနိုင်မယ်ဆိုရင်ရာနှုန်းပြည့်နီးပါးအသက်ရှင်နိုင်တဲ့ရောဂါဖြစ်ပေမယ့်မိန်းမသားအတော်များများဟာ ဒီရောဂါရဲ့ရှေ့ပြေးလက္ခဏာများကို လစဉ်ပုံမှန်စမ်းသပ် စစ်ဆေးဖို့မေ့နေတတ်ကြပါတယ်။ ဒါ့ကြောင့်ပဲ ကန်တူဟာ မိန်းမသားတိုင်းသုံးတတ်တဲ့ အသုံးအဆောင်တစ်ခုမှာ နည်းပညာ




ထည့်သွင်းပြီးရင်သားကင်ဆာလက္ခဏာကို အသိပေးဖော်ပြသွားဖို့စိတ်ကူးရခဲ့ပါတယ်။ ဒါ့ကြောင့်ပဲ EVA လို့ခေါ်တဲ့ ဘရာကို တီထွင်ခဲ့ပါတယ်။ ရင်သားကင်ဆာလက္ခဏာကို တိုက်ရိုက်သိရှိနိုင်ဖို့ EVA ဘရာကိုတစ်ပတ်မှာ တစ်နာရီဝတ်ဆင်ရင်တောင် လုံလောက်မှာဖြစ်ပါတယ်။ ဒီဘရာမှာ ရင်သားရဲ့ အပြောင်းအလဲများကို လေ့လာစောင့်ကြည့်ပြီး အချက်ပြနိုင်မယ့် ဇီဝအာရုံခံပေါင်း ၂၀၀ နီးပါးကိုသုံးထားပါတယ်။ ဒီဝတ်စုံကနေ ရင်သားရဲ့ အရွယ်အစား အပူချိန်နဲ့ အလေးချိန်အပြောင်းအလဲကို စစ်ဆေးနေမှာပါ။ ဒါ့အပြင်ရင်သားအတွင်းသွေးစီးဆင်းမှုကိုတိုင်းထွာပြီးအဖုအကြိတ်ဖြစ်နိုင်မဖြစ်နိုင်ဆိုတာကိုပါ အက်ပလီကေးရှင်းကနေတစ်ဆင့်ဝတ်ဆင်သူကို ဖော်ပြပေးနိုင်မှာဖြစ်ပါတယ်။ရင်သားကင်ဆာဟာ မက္ကဆီကိုနိုင်ငံ အမျိုးသမီးထုအတွက် အဖြစ်များသလောက် အန္တရာယ်ကြီးတဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။ များသောအားဖြင့် အသက် ၃၅ နှစ်အရွယ်မှ ၄၉ နှစ်အရွယ်အမျိုးသမီးပေါင်းသောင်းဂဏန်းဟာ ဒီရောဂါနဲ့နှစ်စဉ် အသက်ဆုံးရှုံးနေကြပါတယ်။ယခုEVAဘရာနည်းပညာဟာ ရင်သားကင်ဆာကြောင့် သေဆုံးမှုနှုန်းကို အကြီးအကျယ်လျှော့ချသွားနိုင်ဖို့ ရှိပါတယ်။ယခုတီထွင်မှုကြောင့် ကန်တူဟာကမ္ဘာလုံးဆိုင်ရာကျောင်းသားစွန့်ဦးတီထွင်ဆု (GSEA)နဲ့အတူ ဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ပါ ရရှိခဲ့ပါတယ်။ GSEA ဆုဟာတစ်ကမ္ဘာလုံးမှ တက္ကသိုလ်၊ကောလိပ်တက်နေရင်းကိုယ်ပိုင်ထုတ်ကုန်တီထွင်နိုင်သူကျောင်းသားများကို ပေးအပ်တဲ့ ဆုတစ်မျိုးဖြစ်ပြီးဂုဏ်သိက္ခာကြီးမားတဲ့ ဆုတစ်ဆုလည်း ဖြစ်ပါတယ်။ ဂျာမဏီနိုင်ငံ ဖရန့်ဖတ်မှာပြုလုပ်ကျင်းပတဲ့ ဒီပွဲမှာကန်တူဟာ ပြိုင်ဘက်ကျောင်းသား (၅၆) ဦးကို ကျော်ဖြတ်ပြီး ယခုဆုကို ရရှိခဲ့တာပါ။ ဒီဆုကြောင့် ကန်တူဟာ မက္ကဆီကိုသမိုင်းမှာအငယ်ဆုံး GSEA ဆုရှင် ဖြစ်လာခဲ့ပါတယ်။ လက်ရှိမှာ ကန်တူဟာ EVAဘရာကိုစီးပွားဖြစ် ထုတ်လုပ်ဖို့အတွက် Higia Technologies လို့ခေါ်တဲ့ ကုမ္ပဏီတစ်ခုတည်ထောင်ပြီး ကုမ္ပဏီအမှုဆောင် အရာရှိချုပ်အဖြစ် ဦးဆောင်နေပါတယ်။ကန်တူဟာကျောင်းတက်နေစဉ် ကိုယ်ပိုင်ကုမ္ပဏီတစ်ခုတည်ထောင်ထားတဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးဖြစ်ပါတယ်။ အနာဂါတ်မှာ ကန်တူဟာ အမေရိကန်နိုင်ငံ ဆီလီကွန်တောင်ကြားသွားပြီးကိုယ်ပိုင်နည်းပညာကုမ္ပဏီတစ်ခုတည်ထောင်သွားလိုတယ်လို့ဆိုပါတယ်။

Duwun

# ပြင်သစ်လိဂ် တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီရရှိ

မေ ၁၆၊ ပြင်သစ်



ပြင်သစ်လိဂ်တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုကို ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီက ဆွတ်ခူးရရှိသွားခဲ့သည်။ အသက် ၃၀ အရွယ်ရှိကာဗာနီသည် ယခုနှစ်တွင် ပီအက်စ်ဂျီအသင်းအတွက် လိဂ်သွင်းဂိုး ၃၅ ဂိုးအထိသွင်းယူပြီး ခြေစွမ်းပြနိုင်သည့်အတွက် ဆုရရှိခဲ့ခြင်းဖြစ်သည်။ မိုနာကိုအသင်းလူငယ်တိုက်စစ်ကစားသမားအမ်ဘတ်ပီမှာတစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သည်။ အမ်ဘတ်ပီသည် အသက် ၁၈ နှစ်သာရှိသေးသော်လည်း ယခုနှစ်တွင် ခြေစွမ်းပြကစားခဲ့ပြီး လိဂ်သွင်းဂိုး ၁၅ ဂိုးအထိသွင်းယူပေး ခဲ့သည်။ မိုနာကိုအသင်းသည် လိုင်လီအသင်းကို ၄-၀ ဂိုးဖြင့်အနိုင်ရခဲ့သည့်အတွက် ပီအက်စ်ဂျီနှင့် ရမှတ်တူနေသော်လည်း တစ်ပွဲလျော့ကစားထားသည့်အပြင် ဂိုးကွာခြားချက်ပါအသာရနေသည့်အတွက် ပြင်သစ်လိဂ်ဖလားကို ရရှိရန်သေချာသွားပြီဖြစ်သည်။ မိုနာကိုအသင်းကို ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အတွက်နည်းပြဂျာဒင်မှာ အကောင်းဆုံးနည်းပြဆုကို ရရှိခဲ့သည်။မိုနာကိုဂိုးသမားဆူဘာဆစ်မှာလည်း အကောင်းဆုံးဂိုးသမားဆုကို ရရှိခဲ့ သည်။မိုနာကိုအသင်း၏အောင်မြင်မှုကြောင့် ဆူဘာဆစ်၊ ဆီဒီဘီ၊ ဂျီလစ်၊ မန်ဒီ၊ ဘာနာဒိုဆေးလ်ဗားနှင့် အမ်ဘတ်ပီတို့မှာ အကောင်းဆုံး ၁၁ ဦးစာရင်းတွင်ပါဝင်ခဲ့ကြသည်။ချယ်လ်ဆီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ဖလားရယူနိုင်ခဲ့သည့် ကန်တီမှာအခြားဥရောပလိဂ်များမှ အကောင်းဆုံးပြင်သစ်ကစားသမားဆုကိုရရှိခဲ့သည်။

Mizzima

# ပရီးမီးယားလိဂ် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု ဆန်ခါတင်စာရင်းတွင် ချယ်လ်ဆီးနှင့်စပါးကစားသမားများ ဦးဆောင်

မေ ၁၆၊ အင်္ဂလန်



ပရီးမီးယားလိဂ်တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ဆန်ခါတင်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာတွင် ချယ်လ်ဆီးအသင်းနှင့်စပါးအသင်းမှ ကစားသမားအများစု ပါဝင်ခဲ့ကြသည်။ ဆန်ခါတင် ၈ ဦးစာရင်းကို ထုတ်ပြန်ခဲ့ရာတွင် ချန်ပီယံချယ်လ်ဆီးအသင်းမှ ကန်တီ၊ ဟာဇက်နှင့် အက်စ်ပီလီကျူတာ၊ စပါးအသင်းမှ ဟယ်ရီကိန်း၊ အလီနှင့် ဗာတွန်ဂန်၊ အဲဗာတန်တိုက်စစ်မှူး လူကာကူနှင့်အာဆင်နယ်တိုက်စစ်မှူးဆန်းချက်ဇ်တို့ ပါဝင်လာခဲ့ သည်။ထို စာရင်းထွက်ပေါ်လာပြီးနောက်တွင်ချယ်လ်ဆီးကစားသမားကန်တီသာ ဆုရရှိမည်ဟု ရေပန်းစားလျက်ရှိသည်။ ကန်တီသည် ချယ်လ်ဆီးအတွက်အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့်အတွက်ပရော်ဖက်ရှင်နယ်ဘောလုံးမားများအဖွဲ့ချုပ်ကပေးအပ်သည့် ပီအက်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့်အားကစားကလောင်ရှင်များကပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုများကိုရရှိပြီးသူဖြစ်သည်။ ချယ်လ်ဆီးနှင့် စပါးအသင်း မှ ကစားသမားများမှာ "တို့အသင်းများအတွက် အကောင်းဆုံးခြေစွမ်းပြခဲ့ကြသည့်အတွက် ဆန်ခါတင်စာရင်းတွင်ပါဝင်လာကြခြင်းဖြစ်သည်။အဲဗာတန်တိုက်စစ်မှူး လူကာကူမှာ ပရီးမီးယားလိဂ်သွင်းဂိုး ၂၄ ဂိုးအထိသွင်းယူထားပြီး ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေသူဖြစ်သည်။ အာဆင်နယ်တိုက်စစ်မှူးဆန်းချက်ဇ်မှာမူလိဂ်သွင်းဂိုး ၂၁ ဂိုးသွင်းယူပေးထားပြီး ၁၀ဂိုးဖန်တီးနိုင်ခဲ့သည်။

Mizzima

# ပရီးမီးယားလိဂ်တွင် ဆုကြေးပေါင် ၁ ဘီလီယံ ရရှိသည့် ပထမဆုံးအသင်း ဖြစ်လာတော့မည့် မန်ယူအသင်း



မေ ၁၆၊ အင်္ဂလန်

ယခုနှစ်တွင် ရရှိမည့်ဆုကြေးငွေကြောင့် မန်ယူအသင်းသည် ပရီးမီးယားလိဂ်တွင် ဆုကြေးငွေပေါင် ၁ ဘီလီယံကျော်ရရှိသံ့ ပထမဆုံးပရီးမီးယားလိဂ်ကလပ်အသင်း ဖြစ်လာတော့မည် ဖြစ်သည်။ မန်ယူအသင်းသည် ပရီးမီးယားလိဂ်ဟု အမည်ပြောင်းလဲခဲ့သည့် ၁၉၉၂-၉၃ ရာသီမှစတင်ပြီး ပြီးခဲ့သည့် ၂၀၁၅-၁၆ ရာသီအထိ စုစုပေါင်းဆုကြေးငွေပေါင်သန်း ၈၇၀ ရရှိထားသည်။ ယခုနှစ်တွင် ပရီးမီးယားလိဂ်၌ အဆင့် ၂၀ ရရှိပြီး တန်းဆင်းရသည့်အသင်းပင်လျှင် ဆုကြေးပေါင်သန်း ၁၀၀ ရရှိမည်ဖြစ်သည်။ ချန်ပီယံချယ်လ်ဆီးအသင်းမှာ ပေါင်သန်း ၁၅၀ ကျော် ရမည်ဖြစ်ပြီး ကျန်အသင်းအားလုံးမှာပေါင်သန်း၁၀၀ နှင့် ၁၅၀ ကြား ရရှိကြမည် ဖြစ်သည်။ ထို့ကြောင့် လက်ရှိတွင် အဆင့်ခြောက်နေရာ၌ရပ်တည်နေသော မန်ယူအသင်းမှာလည်းအနည်းဆုံးဆုကြေးငွေ ပေါင်သန်း၁၀၀ ကျော်ရရှိမည်ဖြစ်သည့်အတွက် ဆုကြေးငွေစုစုပေါင်းမှာ ၁ ဘီလီယံကျော်သွားတော့မည်ဖြစ်သည်။ပရီးမီးယားလိဂ်သမိုင်းတွင် မန်ယူအသင်းပြီးနောက် ဆုကြေးငွေအများဆုံး ရရှိထားသည့်အသင်းမှာ အာဆင်နယ်အသင်းဖြစ်ပြီး ပေါင် ၈၄၂.၄ သန်းကျော်ရရှိထားသည်။အာဆင်နယ်၏ နောက်တွင် လီဗာပူးလ်နှင့်ချယ်လ်ဆီးတို့ ရပ်တည်နေပြီး ပေါင် ၈၁၅.၄ သန်းကျော်ရရှိနေကြသည်။ပရီးမီးယားလိဂ်တွင် ဆုကြေးအများဆုံးရရှိထားသည့် ထိပ်ဆုံးငါးသင်း

| | | |
|---|---|---|
| မန်ယူ | - | ၈၇၀,၂၇၀,၁၇၈ |
| အာဆင်နယ် | - | ၈၄၂,၇၆၇,၄၄၃ |
| လီဗာပူးလ် | - | ၈၁၅,၄၄၂,၁၃၂ |
| ချယ်လ်ဆီး | - | ၈၁၅,၃၆၅,၃၂၃ |
| စပါး | - | ၇၅၀,၂၈၁,၉၀၆ |

Mizzima

# ရာသီအကုန်တွင် ကစားသမားဘဝမှ အနားယူနိုင်ဟု ဂျွန်တယ်ရီ ပြော

မေ ၁၇၊ DVB

ဒီနှစ်ဘောလုံးရာသီအကုန်မှာ ဘောလုံးကစားသမားဘဝကနေ အနားယူနိုင်တယ်လို့ ချဲလ်ဆီးအသင်းခေါင်းဆောင်ဂျွန်တယ်ရီကပြောပါတယ်။ အသက် ၃၆ နှစ်ရှိအင်္ဂလန်လက်ရွေးစင်ကစားသမားဟောင်း ဂျွန်တယ်ရီဟာ ဒီနှစ်ဘောလုံးရာသီအကုန်မှာ စာချုပ်သက်တမ်း ကုန်ဆုံးမှာဖြစ်ပြီး ချဲလ်ဆီးအသင်းက စာချုပ်သက်တမ်းမတိုးဖို့ ဆုံးဖြတ်ထားတာပါ။တယ်ရီကိုခေါ်ယူဖို့အတွက် ပရီးမီးယားလိဂ်အလယ်အလတ်အသင်းတွေအပြင် တရုတ်စူပါလိဂ်၊ အမေရိကန် မေဂျာလိဂ်ကလပ်တွေက စိတ်ဝင်စားနေပေမယ့် ကစားသမားဘဝကနေအနားယူဖို့လည်း ရှိနေတယ်လို့ တယ်ရီကဆိုပါတယ်။ တယ်ရီဟာဝတ်ဖို့ဒ်အသင်း



နဲ့ ကစားခဲ့တဲ့ ပရီးမီးယားလိဂ်ပွဲစဉ်မှာ ပွဲထွက်ကစားခွင့်ရခဲ့ပြီး အနိုင်ဂိုးတဂိုးသွင်းယူခဲ့ပါတယ်။ချဲလ်ဆီးအသင်းဟာ နောက်ဆုံးအိမ်ကွင်းပွဲစဉ်အဖြစ် ဆန်းဒါးလန်းအသင်းနဲ့ကစားရမှာဖြစ်ပြီး ကစားသမားဘဝ နောက်ဆုံးပွဲစဉ်ဖြစ်နိုင်တယ်လို့ တယ်ရီက ဆိုပါတယ်။ တယ်ရီအနေနဲ့ ဘောလုံးဆက်ကစားမလားဆိုတာကို ရာသီအကုန်မှာဆုံးဖြတ်မှာဖြစ်တယ်လို့လည်းဆိုပါတယ်။ ဂျွန်တယ်ရီဟာ သူ့အသက် ၁၅ နှစ်အရွယ် ၁၉၉၅ ခုနှစ်ကတည်းက ဝက်စ်ဟမ်းအသင်းကနေ ချဲလ်ဆီးအသင်းဆီပြောင်းရွှေ့လာတာဖြစ်ပြီး ချဲလ်ဆီးအသင်းမှာ ကစားခဲ့တဲ့ ၂၂ နှစ်အတွင်း အဓိကဆုဖလား စုစုပေါင်း ၁၅ လုံး ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။